# အမုန်းတရား ဖြန့်ချိရေးဇာတ်ပွဲနှင့် နတ်ကရာကျီးမော ဆိုရှယ်မီဒီယာကုမ္ပဏီများ

## စစ်ကောင်စီ၏ဝါဒဖြန့်ချိမှု နှင့် ဆိုရှယ်မီဒီယာကုမ္ပဏီကြီးများ၏ကိုင်တွယ်နိုင်မှု အခြေအနေကိုဆန်းစစ်ခြင်း

Author and publish this research paper by The Red Flag

The Red Flag Quarterly Report #Q2(May-August 2024) |

# မာတိကာ


အပိုင်း (၁) နိဒါန်း ၂

အပိုင်း (၂) ထင်ရှားသည့် အကြောင်းအရာများ ၅

အပိုင်း (၃) ထင်ရှားသော ဝါဒဖြန့်ချိရေး နည်းဗျူဟာများ ၁၉

အပိုင်း (၄) အချက်အလက် ကိန်းဂဏန်းပြ ရုပ်ပုံများ ၂၆

အပိုင်း (၅) နိဂုံး ၃၂

နောက်ဆက်တွဲ ဇယားဖော်ပြချက် ၃၄

## အပိုင်း ၁ – နိဒါန်း

"ဇာတ်ကြောင်းတစ်ခုခု ဖန်တီးလိုက်မယ်။ ဒါဆိုရင် အုပ်စုတစ်ခုခုကို ရန်လိုတဲ့ ခံစားမှုတွေ ရှိလာမယ်။ ဒါကြောင့်မို့ပဲ အမုန်းတရား လှုံ့ဆော်ရေးအုပ်စုတွေက လူတွေ အကြမ်းဖက်ချင်လာအောင် ဒီလို ဇာတ်ကြောင်းဥပမာတွေ ဖန်တီးခလုတ်နှိပ်ကြတော့တာပေါ့"

Marcel Danesi[1]

Professor of Semiotics and Linguistic Anthropology
University of Toronto

### အနှစ်ချုပ်

လိမ်လည်ခြင်း၊ အမုန်းတရား သွတ်သွင်းခြင်း စသည့် နည်းနာများမှာ ၂၀ ရာစု အာဏာရှင်တို့ တသွင်သွင် အသုံးပြုခဲ့ကြသော ဝါဒဖြန့်ချိနည်းနာများဖြစ်သည်။ မူဆိုလီနီ၊ စတာလင်၊ ဟစ်တလာတို့အပြင် ဗလာဒီမာပူတင် တို့၏ လက်စွဲကျမ်းလာနည်းနာများလည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အာဏာသိမ်း စစ်အုပ်စုနှင့် ၎င်း၏ လက်ဝေခံများသည် လူထုကို စည်းရုံးသည့် ညင်သာသည့် ဝါဒဖြန့်ချိ နည်းနာများ အလုပ်မဖြစ်တော့သောအခါ လိမ်လည်ခြင်း၊ အမုန်းတရား သွတ်သွင်းခြင်း ဗျူဟာများ သုံး၍ အကြမ်းဖက်မှုကို တရားဝင်သဘော (လုပ်သင့်လုပ်အပ်သည့် သဘော) ဖြစ်အောင် ဝါဒဖြန့်ချိလာသည်ကိုတွေ့ရသည်။ ယခုအစီရင်ခံစာတွင် ယင်းတို့ကို အဓိက စုစည်းတင်ပြထားပါသည်။

၂၀၂၄ ခုနှစ် မေလ မှ ဩဂုတ်လအထိ ဒုတိယလေးလပတ် လူမှုကွန်ရက်ပေါ်ရှိ ပြဿနာ ဖြစ်ပွားစေနိုင်သော 'အကြောင်းအရာများနှင့်နည်းဗျူဟာ လေ့လာချက်' အစီရင်ခံစာကို The Red Flag အဖွဲ့ က ပြုစုထားပါသည်။ အကျဉ်းချုပ်အားဖြင့် ဤသို့ လေ့လာနိုင်ပါသည်။

ယခုဒုတိယလေးလပတ်သည် ရှမ်းမြောက်တကြော့ပြန်စစ်ဆင်ရေး ၁၀၂၇ ဒုတိယလှိုင်း စတင်သည်။ ထို့အပြင် ရခိုင် ပြည်နယ်အတွင်း လူမျိုးရေးပဋိပက္ခအရှိန်အဟုန် ပိုမိုပြင်းထန်သည့် ကာလလည်း ဖြစ်သည်။ ၁၀၂၇ ဒုတိယလှိုင်းတွင် စစ်ကောင်စီလက်လွှတ်ဆုံးရှုံးရသည့် နယ်မြေများ ထပ်မံတိုးများလာခဲ့ပြီး အရေးကြီးသည့် စစ်တိုင်းဌာနချုပ်နှင့် မန္တလေးမြို့နှင့် အနီးကပ်ဆုံး မိုးကုတ်ကိုပါ လက်လွှတ်ခဲ့ရသည်ကို စစ်ကောင်စီဘက်က ပြန်လည်အသာစီးရစေရန်

မြေပြင်တွင်သာမက လူမှုကွန်ရက်ဆိုရှယ်မီဒီယာများမှ တဆင့်ကြိုးပမ်းခဲ့ကြသည်။ တော်လှန်ရေးအင်အားစုများ သိမ်းပိုက်ရရှိလိုက်သည့် နေရာများအား လေကြောင်းမှတဆင့်ဗုံးကြဲရန် စစ်ကောင်စီထောက်ခံသူများ က Telegram

---

[1] ပါမောက္ခ Marcel Danesi မှာ Politics, Lies and Conspiracy Theories (2023) စာအုပ်ရေးသားသူဖြစ်သည်။

Channel များမှလှုံ့ဆော်ခဲ့ပြီး ထိုဒေသများကိုအရပ်သားမဲ့ရေယာဟု တံဆိပ်ကပ်ခဲ့သည်။ Telegram သည် ထို အကြောင်းအရာများကို လက်ရှိအချိန်အထိ ဖယ်ရှားခြင်း မရှိသေးဘဲ နောက်ဆက်တွဲလှုံ့ဆော်မှုများကိုလည်း လွတ်လပ်စွာဖြန့်ဝေခွင့်ပြုထားသည်။

ထို့ပြင် ၂၀၂၄ နှစ်ဦးပိုင်းက အမျိုးသားရေးအစွန်းရောက်အင်အားစုများနှင့် စစ်ကောင်စီအကြား တင်းမာမှုမြင့်တက်ခဲ့ သည့် အခြေအနေနောက်ပိုင်းတွင် ထေကြီးဝါကြီး ဆရာတော်တစ်ပါးအား မှားယွင်းပစ်သတ်ခဲ့သည့် ဖြစ်စဉ်ရှိခဲ့သည်။ ထိုဖြစ်စဉ်ကို စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများက ကနဦးတွင် ဖုံးဖိလိမ်ညာမှုမျိုးစုံပြုလုပ်ခဲ့သော်လည်း မျက်မြင် သက်သေ ဆရာတော်တစ်ပါးက ဖော်ထုတ်ခဲ့သည့်အတွက် စစ်ကောင်စီအနေဖြင့် ငြင်းဆို၍ မရဘဲ ဝန်ခံတောင်းပန်ခဲ့ ရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်သည့် ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ခြင်းများကို The Red Flag က အချိန်နှင့် တပြေးညီ စောင့်ကြည့်ပြီး ဖြစ်ရပ်လေ့လာမှု ပြုလုပ်ခဲ့သည်။

ရှမ်းမြောက်စစ်ရေးအခြေအနေအပေါ် အခြေခံ၍ လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်မှုများတွင် ဗမာနှင့် ကိုးကန့်၊ တအာင်းလူမျိုးများကြားသော်လည်းကောင်း၊ ဗမာနှင့် မန္တလေးရှိ တရုတ်လူမျိုးများအကြား သော်လည်း ကောင်း အမုန်းပွားရန်လှုံ့ဆော်ခဲ့ကြသည်။ Tiktok လူမှုကွန်ရက်ပေါ်တွင် စစ်ကောင်စီထောက်ခံသူများနှင့် အမျိုး သားရေးအစွန်းရောက် အကောင့်များက တရုတ်လူမျိုးများကို သတ်ဖြတ်ရန်လှုံ့ဆော်မှုများ၊ လေကြောင်းမှ ဗုံးကြဲရန် ပြည်သူများက ထောက်ခံနေသည့်ပုံစံ ဖော်ပြမှုများ အများအပြားပျံ့နှံ့မှုရှိနေပြီး Tiktok အနေဖြင့် ထိထိရောက် ရောက်ကိုင်တွယ်နေခြင်း မရှိပေ။

စစ်ကောင်စီဝါဒဖြန့်ချိသူများသည် ဝါဒဖြန့်ချိရေးနည်းဗျူဟာများကို စဉ်ဆက်မပြတ်တီထွင်နေပြီး ဘာသာစကား တိုးချဲ့မှု၊ အွန်လိုင်းနှင့်မြေပြင်ချိတ်ဆက်မှုများအပြင်၊ အင်တာဗျူးပုံစံများဖြင့်ပါ ဆန့်ကျင်ဘက် အင်အားစုများ၏ သတင်းအချက်အလက်ရယူနေကို ချေဖျက်နိုင်ရန် လုပ်ဆောင်လျက်ရှိသည်။ ၂၀၂၄ ခုနှစ်၊ ဒုတိယလေးလပတ်ကာလ အတွင်း စစ်ကောင်စီတပ်၏အထိနာမှု ပိုမိုမြင့်တက်ခဲ့သည်ကို သတင်းဌာနများ၏ ဖော်ပြချက်များနှင့် နယ်မြေ လက်လွှတ်မှုများအရ သိရပြီး ၎င်းတို့ကြမ်းကြုတ်မှုများသည်လည်း ပိုမိုပြင်းထန်ခဲ့သည်။

ယခုအစီရင်ခံစာတွင် ဒုတိယလေးလပတ်အတွင်း ထူးခြားထင်ရှားသည့်အကြောင်းအရာများ (အပိုင်း ၂)၊ စစ်ကောင်စီ ၏ဝါဒဖြန့် Channel များ၏ဝါဒဖြန့်နည်းနာများ (အပိုင်း ၃)၊ ကိန်းဂဏန်းဆိုင်ရာအချက်အလက်များ (အပိုင်း ၄) တို့ကို လေ့လာနိုင်ပါသည်။ နိဂုံးပိုင်း (အပိုင်း ၅) တွင် ဆိုရှယ်မီဒီယာကုမ္ပဏီများ၏ စည်းကမ်းပျက်နေသည့် အရေးယူမှု အခြေအနေများ စသည်တို့ကို ဆန်းစစ် တင်ပြထားသည်။

ထူးခြားထင်ခြားသည့် အကြောင်းအရာများ အပိုင်းတွင် လူအုပ်စုတခုခုအား မုန်းတီးရေးကို လက်နက်အသွင် ဖိဖိစီးစီး လုပ်ဆောင်ကြောင်း တွေ့နိုင်ပါသည်။ အဓိက ပစ်မှတ်ထားခံရသော အုပ်စုများမှာ ရိုဟင်ဂျာ၊ ရခိုင်၊ တိုင်းရင်းသား


သံဃာများနှင့် တရုတ်လူမျိုးတို့ ဖြစ်သည်ကိုတွေ့ရသည်။ တိုင်းရင်းသား ဗုဒ္ဓဘာသာ သံဃာတော်များကို ပစ်မှတ်ထားလာခြင်းမှာ အရေးအရာ ကိစ္စသစ်တခုဖြစ်သည်ကို တွေ့ရသည်။ တရုတ်မုန်းတီးရေးကြောင့် မန္တလေးမြို့ရှိ တရုတ်လူမျိုး အသိုင်းအဝိုင်းကို များစွာရိုက်ခတ်မှုရှိကြောင်းလည်း သတိထားဖွယ်ရာဖြစ်သည်။ ဝါဒဖြန့် နည်းနာအပိုင်းတွင် Facebook အကောင့်သစ်ဖွင့်ရာတွင် ပိုမိုတင်းကျပ်သော စည်းမျဉ်းများ အသုံးပြုရန် လှုံ့ဆော်ခြင်း၊ VPN များ ပိတ်ခြင်း၊ ယင်းတို့နှင့်အတူ My Space ဟု အမည်ပေးထားသော မြန်မာပြည်ဖြစ် ဆိုရှယ်မီဒီယာ သုံးစွဲရန် လှုံ့ဆော်ခြင်း၊ လူပြိန်းကြိုက်အကြောင်းအရာများဖြင့် 'ပွဲဆူ' အောင် ဖန်တီးပြီး တော်လှန်ရေးဆိုင်ရာ ကိစ္စရပ်များ လွှမ်းမိုးမှု ကျဆင်းသွားအောင် လုပ်ဆောင်ခြင်း၊ Tiktok နှင့် Telegram ကို လူသုံးများလာစေရန် လှုံ့ဆော်ခြင်း တို့ကို တွေ့နိုင်သည်။

ထိုသို့ လုပ်ဆောင်ရာတွင် စစ်ကောင်စီ၏ လက်ဝေခံတို့သည် စေတနာ့ဝန်ထမ်း အသွင်မဟုတ်ဘဲ အချိန်ပြည့်လခစား ဝန်ထမ်းကဲ့သို့ တွန်းတွန်းတိုက်တိုက်လုပ်ဆောင်နေကြောင်းကိုလည်း စိစစ်တွေ့ရှိရသည်။

## အကန့်အသတ်များ

ယခု လေးလပတ် အစီရင်ခံစာသည် ၂၀၂၄ ခုနှစ် မေလ မှ သြဂုတ်လ အထိ Telegram ပေါ်ရှိအကြောင်းအရာများအား အဓိက လေ့လာစောင့်ကြည့်ပြီး ပြုစုထားသည့် အစီရင်ခံစာတစ်ခုဖြစ်သည်။ စောင့်ကြည့်မှုတွင် Tiktok, Youtube နှင့် Facebook လူမှုကွန်ရက်များပေါ်ရှိအကြောင်းအရာအချို့ပါဝင်သော်လည်း အကြောင်းအရာ အလုံးစုံကို လွှမ်းခြုံနိုင်ခြင်း မရှိပေ။ အချက်အလက်စုဆောင်းမှုတွင်လည်း ပြဿနာ ဖြစ်ပွားစေနိုင်သည့်၊ အန္တရာယ်ရှိသည့် အကြောင်းအရာအများကို ခြုံငုံစောင့်ကြည့်ကာ မှတ်တမ်းတင် သိမ်းဆည်းထားသည့်အတွက် ခေါင်းစဉ်နှင့်ဖြစ်စဉ် အသေးစိတ် အချက်အလက်များကို လွှမ်းခြုံနိုင်မှုရှိမည် မဟုတ်ပေ။

# အပိုင်း ၂ – ထင်ရှားသည့်အကြောင်းအရာများ




ယခုဖော်ပြမည့် အကြောင်းအရာများသည် ၂၀၂၄ ခုနှစ် ဒုတိယလေးလအတွင်း ဆိုရှယ်မီဒီယာတွင် စစ်ကောင်စီ ဝါဒဖြန့်အကောင့်များက ဖြန့်ဝေခဲ့သည့် အကြောင်းအရာများမှ ကောက်နုတ်လေ့လာချက်ဖြစ်သည်။ ပဲခူး၊ ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသကို သတ်ဖြတ်ပြီး ဖုံးကွယ်သည့် စစ်ကောင်စီ၏ လုပ်ရပ်[2]၊ ငွေထောက်ခံသူများ၏ လေကြောင်းရန်လှုံ့ဆော်မှု[3]၊ ရခိုင်ပြည်လူမျိုးရေး ဘာသာရေး တင်းမာမှုကို ပိုမိုမြင့်တင်ခြင်း[4]၊ တိုင်းရင်းသားသံဃာထုမုန်းတီးရေး[5] နှင့် တရုတ်လူမျိုးများအား သတ်ဖြတ်ရန် ခြိမ်းခြောက်မှု[6] တို့နှင့်ပက်သက်သည့် အသေးစိတ်လေ့လာချက်များကို ဖြစ်ရပ်လေ့လာမှုများ၊ ဆောင်းပါးများ၊

---

[2] စာပေကဝိကိုထိသည့်ကျည် နှင့် စစ်ကောင်စီ၏ဝါဒဖြန့်မှုသားယန္တရား

[3] အရပ်သားမဲ့ရေိယာဟု လိမ်လည်ပြီး လေကြောင်းရန် အခါတော်ပေးနေသည့် တရားခံများ

[4] ရခိုင်ပြည် ဘူးသီးတောင်၊ မောင်တောမှ လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်မှု ဖြစ်ရပ်တွေ့ရှိချက်များ

[5] ချော့တစ်ခါ ခြောက်တစ်လှည့် ဘာသာရေး အမုန်းတရား၊ အဓမ္မစစ်မှုထမ်းရေး လှုံ့ဆော်မှု နှင့် သတိထားရမည့် ဝါဒဖြန့်ချိရေးနည်းနာများ

[6] မြန်မာပြည်ဖွား တရုတ်လူမျိုးတွေရဲ့ အသက်၊အိုးအိမ် အန္တရာယ်ပြုဖို့ခြိမ်းခြောက်ခံရပြီ

အရေးပေါ် သတိပေးချက်များအဖြစ် The Red Flag က ပြုစုလေ့လာခဲ့ပြီးဖြစ်သည်။ ယခုအစီရင်ခံစာတွင် ထပ်တိုး လှုံ့ဆော်ချက်များ၊ ထူးခြားချက်များနှင့် တွေ့ရှိချက်များထပ်တိုး ပြုစုဖော်ပြထားပါသည်။


## ၂.၁ အရပ်သားမဲ့ဧရိယာအဖြစ်လိမ်လည်ပြီး လေကြောင်းမှ တစ်ဆင့်တိုက်ခိုက်ရန် လှုံ့ဆော်မှု

၁၀၂၇ စစ်ဆင်ရေး ဒုတိယလှိုင်းအတွင်း ဆိုရှယ်မီဒီယာကိုလက်နက်သဖွယ်အသုံးပြုနေသည့် စစ်ကောင်စီ ထောက်ခံသူတို့နှင့်ပက်သက်၍ သာမန်ထက်ထူးခြားထင်ရှားသောကိစ္စမှာ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ရန် လှုံ့ဆော် အခါတော်ပေးခြင်း၊ တကယ်ကြဲမကြဲစောင့်ကြည့်ခြင်း၊ ဗုံးကြဲခြင်းကို ကောင်းချီးသြဘာပေးခြင်း၊ ဗုံးကြဲသည့်နေရာ တွင် ပြည်သူမနေထိုင်ဘဲ သောင်းကျန်းသူသာ ကျန်ရှိသည်ဟု ဖုံးကွယ်ခြင်းတို့ဖြစ်သည်။ စစ်ကောင်စီသည် နယ်မြေ တခုကို လက်လွှတ်ရပြီး တော်လှန်ရေးအင်အားစုများက စိုးမိုးထိန်းချုပ်လိုက်ပြီဆိုသည်နှင့် ရန်သူ၊ မိတ်ဆွေ၊ ပြည်သူ မခွဲခြားဘဲ လေကြောင်းမှတစ်ဆင့် တိုက်ခိုက်ဗုံးကြဲခြင်းကြောင့် အရပ်သားသေဆုံးသည့် ဖြစ်စဉ် အများအပြားရှိခဲ့ သည်။


အရပ်သားသေဆုံးမှုများကို ဖုံးကွယ်ရန်နှင့် လေကြောင်းဗုံးကြဲမှုကို ပိုမိုတရားဝင် စေရန်အတွက် ဗုံးကြဲချင်သည့် နေရာတွင် အရပ်သားများ မရှိတော့ကြောင်း၊ သောင်းကျန်းသူများသာ ကျန်နေတော့ကြောင်းလည်း စစ်ကောင်စီ အားပေးဝါဒဖြန့်ချိသူများက လေလှိုင်းပေါ်မှတဆင့် ဝါဒဖြန့်ပေးခဲ့သည်။ "**လွတ်လပ်စွာဗုံးကြဲတိုက်ခိုက်ခွင့်**" ဆိုသည့် ပြင်းထန်လွန်းသော အသုံးအနှုန်းဖြင့် စစ်ကောင်စီဝါဒဖြန့်သူများသည် ပြည်သူရှိနေသေးသည့်နေရာများကို အရပ်သားမဲ့ဧရိယာအဖြစ် သတ်မှတ်ပြီး လေကြောင်းတိုက်ခိုက်ခြင်းအား တရားဝင်မှု အဖြစ်ပြောင်းလဲရန် ကြိုးစားခဲ့ကြသည်။

ဇွန် ၂၅ ရက်နေ့ကတည်းက "**TNLA ရှိတဲ့ ဘာမြို့ဘာရွာမှ မချန်ပါနဲ့**" ဆိုသည့် ပြင်းထန်သော တိုက်တွန်းမှုများနှင့် "**ပြတ်ပြတ်သားသားကြိတ်ပစ်တာပဲလိုလားကြပါတယ်**" စသည့် ဆန္ဒပြုလှုံ့ဆော်မှုများကို စစ်ကောင်စီအားပေး Telegram ဝါဒဖြန့် Channel များက စတင်ဖြန့်ဝေခဲ့သည်။ ယင်းနောက်ပိုင်းတောက်လျှောက် "**မြေကြီးကျန်ရင် ရပြီ၊ လူမကျန် နဲ့ အဆောက်အဦး မကျန်နဲ့ရတယ်**"[7] ဆိုသည့် အကြမ်းဖက်လှုံ့ဆော်မှုများကို Telegram ပေါ်တွင် စည်းလွတ်ဝါးလွတ်ဖြန့်ဝေခဲ့သည်။

7 https://t.me/kyawswar49111/12218




ပုံ စာ ၁ - ဗုံးကြဲရန် စတင်လှုံ့ဆော်ခဲ့သည့် အထောက်အထားများ



ပုံစာ ၂ - ပြည်သူများနေထိုင်သည့် ရွာမဟုတ်တော့ကြောင်း လေလှိုင်းပေါ်မှ လိမ်လည်ခဲ့သည့် အထောက်အထားများ

ထိုသို့ လှုံ့ဆော်မှုများ ရှိသော်လည်း အချို့ဗုံးကြဲခံရသည့် နေရာများတွင် အရပ်သားနေထိုင်မှု ရှိနေသေးကြောင်း သတင်းဌာနများ၏ ဖော်ပြမှုအရ သိရသည်။ သိန္နီမြို့ ဗုံးကြဲခံရသည့် ဇူလိုင် ၃ ရက်နေ့ ဖြစ်စဉ်တွင် ပြည်သူ နေအိမ်များထိခိုက်ပျက်စီးကြောင်း ဒေသခံများ၏ အတည်ပြုချက်ဖြင့် သျှမ်းသံတော်ဆင့် သတင်းဌာနက တင်ဆက်ထားသည်။ ဇူလိုင် ၁၉ ရက် တွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ငပုအင်းရွာသစ် ဘုန်းကြီးကျောင်းနဲ့ လွှစင်ကုန်းလမ်းဆုံနေရာကို စစ်ကောင်စီတပ်က ဗုံးကြဲတိုက်ခိုက်ခဲ့ရာ ၁၉ ဦးထက်မနည်း သေဆုံးခဲ့သည်ဟု RFA သတင်းဌာနတွင်ဖော်ပြခဲ့သည်။[8] ထို့ပြင် လားရှိုး၊ ကျောက်မဲ၊ စဥ့်ကူး၊ မိုးကုတ် တို့တွင်လည်း စစ်ကောင်စီတပ်က လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည့်အတွက် အရပ်သားသေဆုံးမှုများရှိခဲ့သည်ဟု ဘီဘီစီ၊ ရွှေဖီမြေ၊ ရောဝတီ သတင်းဌာနတို့တွင် သတင်းဖော်ပြခဲ့ကြသည်။

[8] https://www.facebook.com/rfaburmese/videos/331893889977548/




ပုံစာ - ၃ ပြည်သူရှိနေသေးသည့်နေရာများကို အရပ်သားမဲ့ဇရိယာအဖြစ် သတ်မှတ်ပြီး လေကြောင်းတိုက်ခိုက်ခြင်းအား တရားဝင်မှုအဖြစ် ပြောင်းလဲရန်ကြိုးစားသည့် အထောက်အထားများ

## ၂.၂ လူမျိုးရေးဘာသာရေးအမုန်းပွားစေရန်လှုံ့ဆော်မှု

### (က) ရခိုင်၊ ရိုဟင်ဂျာမုန်းတီးရေး

၂၀၂၄ ခုနှစ် ပထမလေးလပတ်တွင် တစ်ကျော့ပြန် စတင်ခဲ့သည့် ရခိုင်၊ ရိုဟင်ဂျာ ပဋိပက္ခဖြစ်ပွားစေရေး ဇာတ်ကြောင်းများသည် ဒုတိယလေးလပတ်အထိ ဆက်လက်ပျံ့နှံ့နေပြီး လူ့အဖွဲ့အစည်း နှစ်ခုအကြား တင်းမာမှု ပိုမိုမြင့်တက်စေခဲ့သည်။ လူမျိုးစုနှစ်စုတင်းမာသည့်ကိစ္စများနှင့် အငြင်းပွားစရာကိစ္စ အများအပြား ပျံ့နှံ့မှုရှိခဲ့သည့် အနက် ပိုမိုတင်းမာစေမည့် အခြေအနေသို့ ရောက်ရှိသွားနိုင်သည့် ရုပ်သံတခုသည် ဩဂုတ်လ ပထမပတ်တွင် ထွက်ပေါ်ခဲ့ပါသည်။


ရခိုင်ပြည်၊ မောင်တော၊ နတ်မြစ်ကမ်းအနီးတွင် တိုက်ပွဲများကြောင့် စစ်ရှောင်ကြသည့် ရိုဟင်ဂျာများစွာသည် ဒရုန်းဗုံးနှင့် လက်နက်ကြီးကျည်များကြောင့် သေဆုံးသည် ဆိုသည့်ရုပ်သံတစ်ခု[9] ဆိုရှယ်မီဒီယာများတွင် ပျံ့နှံ့ခဲ့ပြီး သေဆုံးနေသည့်ရိုဟင်ဂျာပေါင်းများစွာကို မြင်တွေ့ရပါသည်။ ယင်းဖြစ်ရပ်အား ကျူးလွန်သူသည် ရခိုင်တွင်

[9] နတ်မြစ်အနီးရိုဟင်ဂျာများစွာသေဆုံးသည့် ရုပ်သံ

စစ်ကောင်စီတပ်နှင့် ရင်ဆိုင်တိုက်ပွဲများစွာကို အောင်မြင်စွာ တိုက်ခိုက်နိုင်သည့် အာရက္ခတပ်တော် (AA) ဖြစ်ကြောင်း ရှင်ကျန်ရစ်ကြသူ ရိုဟင်ဂျာများက ထုတ်ဖော်ပြောဆိုခဲ့ကြသည်။[10] AA ကမူ အတိအလင်း ငြင်းဆိုထားသည်။

ယင်းဖြစ်စဉ်ကို အခြေခံ၍ စစ်ကောင်စီဝါဒဖြန့် Channel များက ဇာတ်ကြောင်းအမျိုးမျိုးဖြင့် ဝါဒဖြန့်ချိနေသကဲ့သို့ လွတ်လပ်သည့် ပြည်တွင်းပြည်ပ သတင်းဌာနများအကြား၊ လူ့အခွင့်အရေး လှုပ်ရှားသူများ အကြား၊ အဖွဲ့အစည်းများကြားတွင်လည်း လှုပ်ခတ်မှုကြီးမားသည့် အကြောင်းအရာ ဖြစ်ခဲ့ပါသည်။

နိုင်ငံတကာသတင်းဌာနများ၊ လူ့အခွင့်အရေးလှုပ်ရှားသူများက ရှင်ကျန်ရစ်သူများ၏ ပြောကြားချက်၊ သေဆုံးနေကြောင်း မြင်တွေ့ရသည့် ရုပ်သံများဖြင့် AA က ကျူးလွန်ကြောင်းတင်ပြကြသကဲ့သို့ ရခိုင်ဒေသတွင်း သတင်းဌာနအများစုနှင့် ပြည်တွင်းသတင်းဌာနအချို့က AA မကျူးလွန်ကြောင်း သတင်းတင်ဆက်မှု [11]များစွာရှိနေပါသည်။




ပုံစာ ၄ -ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအစုလိုက်အပြုံလိုက်သတ်ဖြတ်ခံရမှုကို အခြေပြု၍ ဖြန့်ဝေနေသည့် အကြောင်းအရာများ

---

[10] ရှင်ကျန်သူများ၏ ပြောဆိုချက်ဆောင်းပါး

[11] မောင်တော နတ်မြစ်ကမ်း မွတ်ဆလင်များသေဆုံးမှု AA နှင့် မသက်ဆိုင်ဟုဆို

အာရက္ခတပ်တော် (AA) ဘက်က ထုတ်ပြန်ချက်များ၊ သတင်းဌာနများ၏ သတင်းဖော်ပြမှုများ၊ လူ့အခွင့်အရေး လှုပ်ရှားသူများ၏ ထုတ်ပြန်မှုများ၊ စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများက လှုံ့ဆော် ဖြန့်ဝေသည့် အမုန်းတရား အကြောင်းအရာများတွင် ကွဲလွဲမှု၊ ကွာဟမှုများရှိနေသည်ကို တွေ့ရှိရပါသည်။

ရှေးဦးစွာ သတိပြုရမည့်အချက်မှာ စစ်ကောင်စီတပ်သည် မြန်မာနိုင်ငံတစ်ဝန်း သတ်ဖြတ်၊ ဖမ်းဆီးမှုများပြုလုပ်ခြင်း၊ တိုက်ပွဲများဖော်ဆောင်ခြင်းတို့ စဉ်ဆက်မပြတ်ကျူးလွန်နေသည်။ ထို့အပြင် ဒေသအပေါ်အခြေခံ၍လည်းကောင်း၊ လူမျိုးကိုအခြေခံ၍လည်းကောင်း လူမျိုးရေး၊ ဘာသာရေး သွေးထိုး လှုံ့ဆော်မှုများ၊ သွေးကွဲစေမည့် အကြောင်းအရာ ဖန်တီးခြင်း၊ ရေးသားခြင်း၊ ဖြန့်ချိခြင်းများကို တောက်လျှောက်ဖန်တီးသူ ဖြစ်ကြောင်း သတိပြုရန်လိုအပ်သည်။

The Red Flag ၏ စောင့်ကြည့်မှုအရ မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပွားနေသော တိုက်ပွဲများတွင် စစ်ကောင်စီတပ်သည် အရည်အသွေးမြင့်၊ ဖျက်အားပြင်း ဒရုန်းဗုံးများကို ပိုမိုသုံးစွဲလာကြောင်း[12] တော်လှန်ရေးတပ်သားများက ပြောဆို ထားသည်။ ယင်းအပြင် စစ်ကောင်စီဝါဒဖြန့် Channel များ ကိုယ်တိုင်က တော်လှန်ရေးအင်အားစုများထက် နည်းပညာသာလွန်သည့် ဒရုန်းများ စစ်ကောင်စီတပ်တွင် ရှိကြောင်း၊ ရခိုင်စစ်မျက်နှာပြင်သို့ ဒရုန်းပေါင်းများစွာ ပို့ဆောင်ထားကြောင်း[13]၊ ယင်းဒရုန်းများဖြင့် တိုက်ခိုက်နိုင်မှု ရုပ်သံများအား မကြာခဏထုတ်ပြန်ခြင်း၊ စစ်ဗိုလ်ချုပ် များ ကိုယ်တိုင် ရုရှားသို့သွားရောက်၍ ဒရုန်းနည်းပညာသင်တန်းများ လေ့လာခြင်း[14]၊ "ဒရုန်းတပ်မ" များပါ တိုးချဲ့ ဖွဲ့စည်း၍ နိုင်ငံခြားပညာရှင်များက သင်ကြားပို့ချမှုများလုပ်နေကြောင်းကို[15] ထုတ်ဖော် ပြောဆိုမှုများ ရှိပါသည်။

ထို့ပြင် ယင်းနေရာဒေသရှိ လူမျိုးစုများအကြား ယုံကြည်မှုလျော့နည်းစေမည့် အကြမ်းဖက်မှုများက နှစ်ဘက်စလုံး တွင် ဖြစ်ပွားခဲ့ကြခြင်း၊ ဆက်သွယ်ရေး အင်တာနက်ဖြတ်တောက်ခံထားရမှုများ ကြုံနေရခြင်း၊ တိုက်ပွဲများ ပြင်းထန်နေကာ လက်နက်ကိုင်ထားသည့် တပ်ဖွဲ့များစွာရှိနေခြင်းများ ကိုလည်းမမေ့သင့်ပါ။ လက်ရှိ မြန်မာနိုင်ငံ တဝန်း အရပ်သားကာကွယ်ရေးစနစ်များ အကောင်အထည်ဖော်ရန် စိန်ခေါ်မှုများရင်ဆိုင်နေရသည့် အတွက် မည်သည့်နေရ ဒေသတွင်မဆို လက်နက်ကိုင်အဖွဲ့မျိုးစုံ ၏ ဖိနှိပ်မှုကို ခံရချေရှိနိုင်ပါသည်။

ရခိုင်ဖြစ်စဉ်များအပေါ် The Red Flag ၏ အမြဲမပြတ်စောင့်ကြည့်လေ့လာမှုအရ အထက်ဖော်ပြပါ ကွဲလွဲမှုများအား သတိပြု လေ့လာစောင့်ကြည့် စိစစ်ရန် လိုအပ်နေကြောင်း တွေ့ရှိရပါသည်။

---

12 စစ်ကောင်စီတပ်သည် အရည်အသွေးမြင့်၊ ဖျက်အားပြင်း ဒရုန်းဗုံးများကို ပိုမိုသုံးစွဲလာ


13 ရခိုင်စစ်မျက်နှာပြင်သို့ ဒရုန်းပေါင်းများစွာပို့ဆောင်ထား

14 စစ်ကောင်စီတပ်က ပြည်ပအားကိုးဖြင့် နည်းပညာမြင့် တိုက်ခိုက်ရေးဒရုန်းများ သုံးလာ

15 တန်ပြန်တိုက်စစ်အတွက် စစ်ကောင်စီတပ်က အဆင့်မြင့်ဒရုန်းများ ပိုမိုအသုံးပြုလာ

## (ခ) တိုင်းရင်းသား သံဃာမုန်းတီးရေး

ဩဂုတ်လကုန်ပိုင်းတွင် Tiktok ပေါ်မှ အမျိုးသားရေးအကောင့်များသည် ဘာသာရေး လူမျိုးရေးမုန်းတီးမှုကို တိုင်းရင်းသားများက လုပ်ဆောင်နေသည့်အသွင် ပုံဖော်ပြီး Tiktok အကောင့်များတွင် ဖြန့်ဝေခဲ့သည်။ တအောင်း ကိုရင် နှစ်ပါးအား အမေးအဖြေပြုလုပ်နေသည့် ရုပ်သံဖိုင်တွင် "ဗမာလူမျိုးကို ချစ်လား" ဟု မေးမြန်းရာ ကိုရင်ငယ် နှစ်ပါးက "မချစ်ဘူး" ဟု ပြန်လည်မိန့်ကြားခဲ့သည်။ ထိုအမေးအဖြေကို အခြေခံပြီး ဗမာလူမျိုးများသည် တိုင်းရင်းသားများကို ချစ်သော်လည်း တိုင်းရင်းသားများကမူ ဗမာလူမျိုးများကို မချစ်ကြောင်း အမျိုးသားရေး အစွန်းရောက် ဘုန်းကြီးတစ်ပါးဖြစ်သည့် အရှင်သုစိတ္တ၏ Tiktok အကောင့်က ဩဂုတ် ၂၂ ရက် တွင် ဖြန့်ဝေခဲ့ သည်။[16]



ပုံစာ ၅ - တိုင်းရင်းသားသံဃာ ဆိုပါက ဆွမ်းမလောင်းကြရန် လှုံ့ဆော်မှု

ထို့ပြင် မန္တလေးရှိ အချို့တိုင်းရင်းသားကိုရင်များသည် နေအိမ်များတွင်ကပ်ထားသည့် နိုင်ငံတော်အလံ စတစ်ကာများ လိုက်ခွာပြီး ခြေဖြင့်နင်းစုတ်ဖြဲသည့်ကိစ္စများကို ကျူးလွန်ခဲ့ကြောင်း၊ မန္တလေးတွင်နေထိုင်သည့် ဘုန်းကြီးကျောင်း တိုက်များရှိ တိုင်းရင်းသားကိုရင်ငယ်များအား စိစစ်သင့်ကြောင်း စစ်ကောင်စီထောက်ခံသည့် Tiktok အကောင့်များ က ဖြန့်ဝေလှုံ့ဆော်ခဲ့သည်။

စစ်ကောင်စီနှင့် ၎င်းကိုထောက်ခံသူများသည် လူမျိုးရေးမုန်းတီးရေးနှင့်ခွဲခြားမှုကို သံဃာထုကြားထဲအထိ သွတ်သွင်း လာပြီး "တိုင်းရင်းသားသံဃာထုအား" ဖိနှိပ်မှုများ ပြုလုပ်ရန် ခြေလှမ်းပြင်နေသည်မှာ အထူးသတိထားရမည့် ကိစ္စဖြစ်သည်။ စစ်ကောင်စီထောက်ခံသည့် အကောင့်များနှင့် အမျိုးသားရေးအစွန်းရောက် အကောင့်တုများက တိုင်းရင်းသားသာမဏေများ၊ သံဃာတော်များပါသည့် ဆွမ်းတန်းများကို ဆွမ်းမလောင်းတော့ကြောင်း မှတ်ချက်များ ရေးသားပြီး "တိုင်းရင်းသားမုန်းတီးရေး"ကို ဦးတည်ပြီး လုပ်ဆောင်နေကြသည်။

[16] https://www.tiktok.com/@thusateta1/video/7405965486359317768

စစ်ကော်စီသည် ယခင်က ရှမ်းအများစုနေထိုင်ရာအရပ်တွင် စစ်ရေးရှုံးနိမ့်ပါက ရှမ်းလူမျိုးမုန်းတီးရေး၊ တအာင်းဒေသတွင်ဖြစ်ပါက တအာင်းလူမျိုးမုန်းတီးရေး၊ ပအိုဝ်းဒေသတွင် ဖြစ်ပါက ပအိုဝ်းလူမျိုးမုန်းတီးရေးစသဖြင့် တိုင်းရင်းသား အမျိုးအနွယ်တစ်ခု (သို့) ပဋိပက္ခတွင်ဆက်စပ်သည့် မျိုးနွယ်စုနှစ်ခုအကြား စသဖြင့် ဦးတည်သွေးခွဲသည့် ဇာတ်ကြောင်းကို ပိုမိုအသုံးပြုခဲ့သည်။ ယခုတွေ့ရှိချက်များတွင် လူမျိုးတစ်မျိုးတည်းကိုသာ ဦးတည်ခြင်းမဟုတ်ဘဲ “တိုင်းရင်းသား" ဆိုသည့် မျိုးနွယ်စုများအားလုံးကို ကိုယ်စားပြုသည့် ဝေါဟာရတစ်စုံလုံးအား ခြုံငုံအသုံးပြု၍ အမုန်းတရားလှုံ့ဆော်လာခြင်းကြောင့် ထူးခြား၊ သတိပြုဖွယ်ဖြစ်ပြီး ဗမာလူမျိုးကြီးဝါဒကို ပိုမိုချဲ့ထွင်လာခြင်းဖြစ်နိုင်သည်ဟု ဆိုနိုင်ပါသည်။

## (ဂ) တရုတ်မုန်းတီးရေး


ရှမ်းမြောက် ၁၀၂၇ စစ်ဆင်ရေးဒုတိယလှိုင်းတွင် စစ်ကောင်စီတပ်များအကျအဆုံးများပြီး မြို့များ တစ်မြို့ပြီးတစ်မြို့ အသိမ်းခံနေရသည့်အချိန် ဩဂုတ်လ ၅ ရက်နေ့တွင် အာဏာသိမ်း စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုပ်မြင်သံကြားမှ တဆင့်မိန့်ခွန်းတစ်ခု ပြောဆိုခဲ့သည်။ ရှမ်းမြောက်တွင် ကြုံနေရသည့်စစ်ပွဲတွင် နယ်မြေများ လက်လွှတ် ဆုံးရှုံးနေရခြင်းမှာ တော်လှန်ရေးတပ်ဖွဲ့များကို ပြည်ပနိုင်ငံအချို့မှ လက်နက်ခဲယမ်း၊ ငွေကြေး၊ နည်းပညာနှင့် ဆေးဝါးရိက္ခာများ ပေးအပ်ထောက်ပံ့ ကူညီနေခြင်းကြောင့်ဖြစ်ကြောင်း ယင်းမိန့်ခွန်းတွင် စွပ်စွဲထားသည်။

"တရုတ်-မြန်မာနယ်စပ်မှာ ဒီလိုလက်နက်ခဲယမ်းမီးကျောက်စက်ရုံတွေ တည်ထောင်နိုင်ဖို့ ဆိုတာသာမန်အခြေအနေနဲ့ မရနိုင်ပါဘူး။ ငွေကြေးအင်အားနဲ့ နည်းပညာအင်အား များစွာလိုအပ်တာဖြစ်တာကြောင့် ဒီစက်ရုံတွေလည်ပတ်ဖို့ ငွေကြေးနဲ့ နည်းပညာအင်အား ဘယ်နေရာကရရှိလာတာလဲဆိုတာ ဆန်းစစ်သွားရမှာလည်းဖြစ်ပါတယ်" ဟု စစ်ခေါင်းဆောင်က ဆိုသည်။ ထိုပြောဆိုမှုအပြီး နောက်တရက် ဩဂုတ်လ ၆ တွင် စစ်ကောင်စီထောက်ခံသူများနှင့် အမျိုးသားရေးအစွန်းရောက်များက MNDAA ဆန့်ကျင်ရေးဆိုသည့် ဆန္ဒပြပွဲများကို ရန်ကုန်နှင့်နေပြည်တော်တို့တွင် တပြိုင်တည်းပြုလုပ်ခဲ့ကြသည်။ ယင်းဆန္ဒပြပွဲကို အမျိုးသားရေးအစွန်းရောက် စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိသူများ ဖြစ်သည့် ဇော်ဘုန်းဟိန်း၊ မပုတု၊ နောင်တော်လေး တက်ရောက်ပြီး တရုတ်ဆန့်ကျင်ရေးစကားများ ပြောဆိုခဲ့သည်။

၁၀၂၇ စစ်ဆင်ရေးနှင့် ယင်းစစ်ဆင်ရေးကို ဦးဆောင်နေသည့် လက်နက်ကိုင်တပ်များသည် တရုတ်နိုင်ငံ၏ ပံ့ပိုးမှုကြောင့်ယခုကဲ့သို့ မြို့များကို သိမ်းယူနိုင်ခြင်းဖြစ်ပြီး ပြည်ပကျူးကျော်စစ်ဟု တံဆိပ်ကပ်မှုများ အပြင် တရုတ်မုန်းတီးရေး အကြောင်းအရာများကို ဆိုရှယ်မီဒီယာများတွင် တစိုက်မတ်မတ်ဖြန့်ဝေခဲ့ကြသည်။ ထိုသို့သော အကြောင်းအရာများအား စစ်ကောင်စီ ထောက်ခံသည့် နာမည်ဆိုးဖြင့် ကျော်ကြားသော Kyaw Swar၊ Banyunt၊

Thazin Oo၊ Ko Thet အမည်ရှိသည့် Telegram Channel များက နှပ်ကြောင်း ပေးဖြန့်ဝေနေခဲ့ကြသည်မှာ ၂၀၂၃ ခုနှစ်ကတည်းက ဖြစ်သည်။

၁၀၂၇ ဒုတိယလှိုင်းအတွင်း ယင်းသို့ ဖြန့်ဝေပြီး ရက်ပိုင်းအကြာတွင် မန္တလေးမြို့ရှိ တရုတ်လူမျိုးများအား ပစ်မှတ်ထားခြိမ်းခြောက်သည့် လှုံ့ဆော်မှုများကို စစ်ကောင်စီ ထောက်ခံသူများနှင့် အမျိုးသားရေးအစွန်းရောက်များက ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် Tiktok မှ တဆင့် ဖြန့်ဝေခဲ့ကြသည်။





ပုံစာ ၆ - စစ်ကောင်စီထောက်ခံ ပရိုဖိုင်ရှိသည့်အကောင့်များက မန္တလေးရှိတရုတ်လူမျိုးများနှင့် အသက်နှင့် အိုးအိမ်ကို လက်တုန့်ပြန်သည့် အနေဖြင့် သတ်ဖြတ်မီးရှို့မည်ဟု ခြိမ်းခြောက်မှုများ

ဖြန့်ဝေမှုများတွင် မန္တလေးမြို့တွင် မြောက်ပိုင်း ၃ဖွဲ့ဘက်က ရှော့တိုက်ဒုံးများဖြင့်ပစ်ခတ်မှု၊ ဗုံးခွဲမှု များပြုလုပ်လာပါက **မန္တလေးမြို့ပေါ်ရှိ တရုတ်လူမျိုးများအား ကလေးလူကြီးပါမကျန်သတ်ဖြတ်ပြီး မီးလောင်တိုက်သွင်းမည့် အဖွဲ့များကို အပြည့်အဝထောက်ခံ ကြိုဆိုသည်**ဆိုသည့် အချက်များပါဝင်သည်။ မန္တလေးမြို့တွင် နေအိမ်တအိမ် ပျက်စီးလျှင် တရုတ်နေအိမ် တအိမ်ကို မီးရှို့မည်ဖြစ်ကြောင်း၊ မန္တလေးသားတယောက်သေလျှင် တရုတ်အမျိုးသမီး

နှင့် တရုတ်အမျိုးသား တဦး သေမည်ဖြစ်ကြောင်း၊ မန္တလေးတွင် တရုတ်လူမျိုးပိုင် နေအိမ်များအများအပြားရှိသည်ဟု ခြိမ်းခြောက် ဖြန့်ဝေထားသည်။ တရုတ်နေအိမ်များစာရင်းပြုစုထားပြီး လက်နက်ကြီး တလုံးကျသည်နှင့် တပြိုင်နက် တရုတ်နေအိမ် ၁၀ လုံး မီးလောင်တိုက်သွင်းပြီး ကလေးပါမကျန်သတ်ပစ်မည်ဖြစ်သည်ဟု မန်းလေးဇိုး လူငယ်အဖွဲ့က ခြိမ်းခြောက်ထားသည့် စာအား ထပ်ဆင့်မျှဝေခဲ့သည်။


ထို့ပြင် မန္တလေးဒေသခံများ၏ အတည်ပြုချက်များအရ မန္တလေးရှိ တရုတ်လူမျိုးများအနက် တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းထွက်ခွာနိုင်သူများသည် အစောပိုင်းကတည်းက ထွက်ခွာသွားကြပြီဖြစ်သော်လည်း မသွားနိုင်သည့် တရုတ်လူမျိုးများသည် နေအိမ်ပြင်ပသွားလာမှုများကို သတိထား ရှောင်ကြဉ်ခြင်းများ ပြုလုပ်နေရပြီး စိုးရိမ်ပူပန်မှု မြင့်တက်ခဲ့ကြောင်းသိရသည်။




ပုံစာ ၇ - တရုတ်နိုင်ငံဆန့်ကျင်ရေး အကြောင်းအရာများ ဖြန့်ဝေမှု

တရုတ်နိုင်ငံသည် မြန်မာပြည်ရှိတရုတ်လူမျိုးများခြိမ်းခြောက်ခံရမှု အခြေအနေနှင့် တရုတ်နိုင်ငံအား စစ်ကောင်စီ ထောက်ခံသူများက ဆန့်ကျင်နေသည့်အခြေအနေများအား တန်ပြန်လွှမ်းမိုးမှု ရယူနိုင်ရန်အတွက် သံတမန်နည်းအရ ပြန်လည်ချဉ်းကပ်ခဲ့သည်။ မြန်မာနိုင်ငံမှ အထင်ကရပုဂ္ဂိုလ်များ၊ စစ်ဘက်ဆိုင်ရာပုဂ္ဂိုလ်များနှင့် နိုင်ငံရေးပါတီမှ ခေါင်းဆောင်များကို ဖိတ်ကြားပြီး ၎င်းတို့ဖြန့်ဝေစေချင်သည့် သတင်းစကားကို ထိုပုဂ္ဂိုလ်များမှတဆင့် ပြောဆို

စေခဲ့သည်။ ဖိတ်ကြားခံရသည့် ပုဂ္ဂိုလ်များတွင် သမ္မတဟောင်းဦးသိန်းစိန်၊ ပြည်သူ့ပါတီဥက္ကဋ္ဌ(PP) ဦးကိုကိုကြီး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ(USDP) အမတ်ဟောင်း ဘူးလက်လှဆွေ တို့ပါဝင်ခဲ့သည်။



ပုံစာ ၈ - တရုတ်နိုင်ငံဘက်က ရှေ့နေလိုက်သည့်အကြောင်းအရာများ ဖြန့်ဝေမှု


တရုတ်နိုင်ငံအနေဖြင့် ရှမ်းပြည်နယ်မြောက်ပိုင်းပဋိပက္ခဖြစ်စဉ်များကို ကူညီနေခြင်း မရှိကြောင်း၊ ရှမ်းမြောက်လက်နက်ကိုင်များအား ကူညီနေခြင်း မရှိကြောင်း ဦးကိုကိုကြီးနှင့် ဘူးလက်လှဆွေတို့က ခရီးစဉ်မှ ပြန်ရောက်ပြီးသည်နှင့် ဆိုရှယ်မီဒီယာများမှ တဆင့် ဗွီဒီယို Message ဖြင့် ပြောကြားခဲ့သည်။ သမ္မတဟောင်း ဦးသိန်းစိန်သည်လည်း စစ်ခေါင်းဆောင်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကို တရုတ်ပြည်ခရီးစဉ် အပြီးတွင် သွားရောက်တွေ့ဆုံခဲ့သည်ဟု BBC သတင်းဌာနက ဖော်ပြခဲ့သည်။ ဩဂုတ်လလယ်ပိုင်းတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဝမ်ယိကိုယ်တိုင် မြန်မာနိုင်ငံသို့ လာရောက်ခဲ့ပြီး စစ်ခေါင်းဆောင်နှင့်တွေ့ဆုံကာ

ရှမ်းမြောက် အခြေအနေများအား ရှင်းလင်းပြောဆိုခဲ့သည်။ တွေ့ဆုံမှုနှင့်ပတ်သက်ပြီး စစ်ကောင်စီ၏ သတင်း ထုတ်ပြန်ရေး ပလက်ဖောင်းများက တရုတ်အစိုးရသည် ရှမ်းမြောက်လက်နက်ကိုင်များကို ကန့်ကွက်သည်ဟု ထည့်သွင်းထုတ်ပြန်ခဲ့သော်လည်း တရုတ်သံရုံး၏ တရားဝင်ထုတ်ပြန်ချက်တွင် အဆိုပါအချက် မပါဝင်ခဲ့ပေ။ မစ္စတာဝမ်ယီလာရောက်ခဲ့ပြီးနောက်ပိုင်း တရုတ်မုန်းတီးရေးလှုံ့ဆော်မှု အရှိန် အနည်းငယ်ကျဆင်းခဲ့ပြီး ဩဂုတ် လကုန်ပိုင်းတွင် တရုတ်နိုင်ငံရွှေလီမြို့ လုံခြုံရေးကော်မတီသည် တအာင်းတပ်မတော် TNLA ထံ စစ်ပွဲရပ်တန့်ရန် ခြိမ်းခြောက်သတိပေးစာပို့ခဲ့သည်ဖြစ်စဉ် ရှိခဲ့သည်။ လက်ရှိတွင် တရုတ်နိုင်ငံ၏ မျက်နှာနှစ်ဖက်နှင့် သံတမန် ဆက်ဆံရေး အခြေအနေများအား မေးခွန်းထုတ်နေမှုများရှိနေကြပြီး တော်လှန်ရေးအင်အားစုများကလည်း တရုတ် နိုင်ငံ ရွှေလီမြို့က ပို့သည့်စာကိစ္စ နှင့်ပတ်သက်၍လည်း ကန့်ကွက်နေမှုများရှိသည်။

## ၂.၃ ဝင်းနိမ္မိတာရုံ ဆရာတော်ကိုသတ်ဖြတ်သည့် စစ်ကောင်စီ၏ ဖုံးကွယ်မှုနှင့်အလိမ်ပေါ်မှု

ပဲခူးတိုင်း၊ ပဲခူးမြို့ ကလျာဏီရပ်ကွက်ရှိ ဝင်းနိမ္မိတာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် မြန်မာ သံဃာ လောက၏ စာပေကဝိအကျော် အရှင်မုနိန္ဒာဘိဝံသသည် ၂၀၂၄ ခုနှစ် ဇွန် ၁၉ ရက်တွင် စစ်ကောင်စီလက်အောက်ခံ စစ်သည်များ၏ ပစ်ခတ်မှုကြောင့်ပျံလွန်တော်မူခဲ့ရသည်။ သို့သော် ၎င်းတို့ကြောင့်မဟုတ်ဘဲ PDF များ၏ ပစ်ခတ်မှု ကြောင့် သေဆုံးရခြင်းဟု စစ်ကောင်စီထိန်းချုပ် မြဝတီရုပ်မြင်သံကြား (MWD) က ဖြစ်စဉ်အပြီး နာရီပိုင်း အကြာတွင်ကြေညာခဲ့သည်။ စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့် ဆိုရှယ်မီဒီယာအကောင့်များကလည်း ဖြစ်စဉ် PDF များလက်ချက်ဖြစ်ကြောင်း ဝေဝေဆာဆာလိမ်လည်ခဲ့ကြသည်။ အဆိုပါ အကောင့်များတွင် အမျိုးဘာသာ သာသနာ စောင့်ရှောက်သူများဟု မိမိကိုယ်ကိုယ် တံဆိပ်ကပ်ထားသည့် အစွန်းရောက် အမျိုးသားရေးသမားများ၊ ဘုန်းကြီးများလည်း ပါဝင်သည်။ စစ်ကောင်စီနှင့် အပေါင်းအပါများသည် မုသားမှိုင်းဖြင့် ၎င်းတို့၏ ရာဇဝတ်မှုကို ဖုံးကွယ်ရန် ကြိုးစားခဲ့သော်လည်း ပစ်ခတ်ခံရမှုဖြစ်စဉ်တွင် ဆရာတော်နှင့်အတူရှိနေခဲ့ပြီး အသက်ဘေးကလွတ်ခဲ့ သည့် မျက်မြင်သက်သေဆရာတော် ထုတ်ဖော်ပြောဆိုသော ရုပ်သံထွက်ပေါ်လာသည့် နောက်တွင်စစ်ကောင်စီတပ် လက်ချက် မဟုတ်ကြောင်း ငြင်းဆိုမှုကွဲလွဲချက်များ ပိုမိုကြီးမားလာခဲ့သည်။


စစ်ကောင်စီဝါဒဖြန့် Channel အချို့တွင် ဆရာတော်၏ ထုတ်ဖော်ပြောဆိုမှု ရုပ်သံ ပြည်သူ့အရှေ့ကို ထွက်ပေါ်လာပြီး သည့်နောက် လေသံပြောင်းလဲ ဖြန့်ချိမှုအချို့ရှိခဲ့သည်။ အချို့မှာ ယခုအချိန်တွင် ပြန်လည် ဖျက်ချသွားပြီး ဖြစ်သော်လည်း The Red Flag အနေဖြင့် အချိန်မီ Archive လုပ် သိမ်းဆည်းနိုင်ခဲ့ပြီး အချို့ကို ရုပ်သံဖိုင် မထွက်ပေါ်မီနှင့် ထွက်ပေါ်ပြီး အခြေအနေနှစ်ခုကို နှိုင်းယှဉ်၍ ကောက်နုတ်ဖော်ပြလိုက်ပါသည်။ သို့ရာတွင် စစ်ကောင်စီဘက်ယိမ်းသည့် နာမည်ကြီးဝါဒဖြန့် Channel များကမူ ပြောင်းလဲဖြန့်ချိသည့် ပုံစံသို့ မသွားဘဲ PDFများ က သံဃာများကို သတ်ဖြတ်မှု ကျူးလွန်သည်ဟု စွပ်စွဲထားသည့် ဖြစ်ရပ်ဟောင်းများစွာကို ပြန်လည်ဖြန့်ချိခဲ့ပြီး၊ ပျံ့နှံ့နေသည့် ရုပ်သံဖိုင်သည် နည်းပညာဖြင့် ပြုပြင်ဖန်တီးခြင်းဖြစ်သည်ဟု ဘူးခံ၍ဖြန့်ချိခဲ့သည်။




ပုံစာ ၈ - Aung Moe Kyaw Channel၏ ရုပ်သံဖိုင် မထွက်ပေါ်မီနှင့် ထွက်ပေါ် ပြီး ဖြန့်ချိသည့် ပုံစံ




ပုံစာ (၉) - Ma Putu (မဟာသွေး) ၏ ရုပ်သံဖိုင် မထွက်ပေါ်မီနှင့် ထွက်ပေါ် ပြီး ဖြန့်ချိသည့် ပုံစံ




ပုံစာ (၁၀) - ဘညွန့် Channel ၏ ရုပ်သံဖိုင် မထွက်ပေါ်မီနှင့် ထွက်ပေါ် ပြီး ဖြန့်ချိသည့် ပုံစံ

စစ်ကောင်စီလက်အောက်ခံ သတင်းဌာနများနှင့် စစ်ကောင်စီဝါဒဖြန့် Channel များက ဆရာတော်ပျံလွန်တော်မူခြင်းကို ဇာတ်ကြောင်းအမျိုးမျိုးဖြင့် တင်ဆက်ခဲ့ကြသည်။ မြဝတီရုပ်မြင်သံကြား (MWD) မှ တဆင့်ထုတ်လွှင့်ခဲ့သည့် ဆရာတော်၏ ယာဉ်မောင်းဆိုသူထွက်ဆိုမှုတွင် PDF များက ကျည် ၇ ချက်ပစ်ခတ်ခြင်း ကြောင့်သေဆုံးခြင်းဟု ပြောဆိုခဲ့သော်လည်း ကျော်စွာ Channel က စချက်ပစ်ခတ်ခံရကာ သေဆုံးခြင်းဟု ကွဲလွဲစွာဖော်ပြခဲ့သည်။ ဆရာတော် ပစ်ခတ်ခံရသည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ခေတ်သစ်သတင်းဌာနကရရှိခဲ့သည့် ပေါက်ကြားအစီအရင်ခံစာ[17]တွင် ဆရာတော်ပါသည့်ကားအား စစ်ကောင်စီတပ်၏ လုံခြုံရေးကင်းလှည့်သူများက မှန်မချဘဲ မောင်းနှင်မှုကြောင့် ပစ်ခတ်ခဲ့ကြောင်း ကနဦး တင်ပြထားသည့် အချက်ပါဝင်သည်။ အဆိုပါ အစီရင်ခံစာသည် မန္တလေးတိုင်းဒေသကြီး သာသနာရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ကျော်လှိုင်က နေပြည်တော်ရှိ သာသနာရေးဦးစီးဌာနသို့ ထူးခြားဖြစ်စဉ် အထူးအစီရင်ခံစာအဖြစ် ပေးပို့ခဲ့ခြင်းဖြစ်သည်။ ယင်းအစီရင်ခံစာသည် သတင်းဌာနက လုပ်ကြံဖန်တီးထားသည့် အတုဖြစ်ကြောင်း စစ်ကောင်စီဝါဒဖြန့် Channel [18]အချို့က တုန့်ပြန်ခဲ့သည်။ သို့သော် နောက်ဆုံးတွင် စစ်ကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဇော်မင်းထွန်းကိုယ်တိုင် စစ်ကောင်စီတပ်သားများက ဆရာတော်ကားကို ပစ်ခတ်မိခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ရသည်။

---

17
https://www.facebook.com/khitthitnews/posts/pfbid0b8oxewLwovDgbYUnQDhfehNJ8xTW4SupZ2uGNCJEnV4ujCLnaW6PuGwK7aBmNNh1l
18 https://archive.ph/liGJq

# အပိုင်း ၃ – ထင်ရှားသော ဝါဒဖြန့်ချိရေး နည်းဗျူဟာများ

## သတင်းအချက်အလက်ဖိနှိပ် ဖြတ်တောက်ရေးနည်းနာများ

စစ်ကောင်စီအတွက် ဝါဒဖြန့်ပေးနေသည့် ဘညွန့် Channel က Facebook အသုံးပြုမှုကို တင်းကြပ်ရန် ဆိုရှယ်မီဒီယာ ဥပဒေရေးဆွဲသင့်သည်ဟု မေလအတွင်းတွင် အကြံပြုခဲ့သည်။[19] အကောင့်အတုများ အသုံးပြုမှု၊ ငွေကြေးလိမ်လည်မှုနှင့် အကြမ်းဖက်မှုလှုံ့ဆော်သည့်ကိစ္စများကို ထိန်းသိမ်းနိုင်ရန် အတွက်ဖြစ်သည်ဟု ဆိုသည်။ အကောင့်ဖွင့်ရာတွင် အာဏာသိမ်းမှုဖြစ်စဉ်အပြီး စစ်ကောင်စီက အကောင်အထည်ဖော်ခဲ့သည့် Unique Identification Card (UID) ဖြင့် ချိတ်ဆက်ထားသင့်သည်ဟု လည်းပါဝင်သည်။ နည်းပညာကျွမ်းကျင်သူများကမူ Facebook အကောင့်ဖွင့်ခြင်းအား UID နှင့်ချိတ်ဆက်ဆောင်ရွက်ရန်နည်းလမ်းသည် Meta ကုမ္ပဏီက စစ်ကောင်စီနှင့်ပူးပေါင်းမှသာ ဖြစ်နိုင်မည် ဟု သုံးသပ်ကြသည်။

ထို့နောက်တွင် Facebook အားအစားထိုးရန် စစ်ကောင်စီနှင့်ဆက်နွှယ်သူများ ကထုတ်လုပ်ခဲ့သည့် Social Media Platform ဟု သတ်မှတ်ခဲ့သည့် My Space Application ပေါ်ထွက်လာခဲ့သည်။ My Space application သည် Facebook တွင် Page ထောင်ကာ ထွက်ပေါ်ခဲ့ခြင်းဖြစ်ပြီး Application Store များ ပေါ်တွင်နေရာယူခဲ့သည်။ ယင်း Page က စစ်ကောင်စီနှင့် သက်ဆိုင်ခြင်း မရှိကြောင်း ငြင်းဆိုခဲ့ပြီး နိုင်ငံနှင့်လူမျိုးတိုးတက်စေရေးအတွက် Facebook ကို အစားထိုးရန်ဖြစ်ကြောင်း ဘာသာစကားများစွာဖြင့် ဖော်ပြခဲ့သည်။ ထို့နောက် စစ်ကောင်စီထောက်ခံသူများက My space application အားဖုန်းထဲထည့်သွင်းထားခြင်းမရှိလျှင် အရေးယူရန်လှုံ့ဆော်ခဲ့ပြီး[20] Facebook အသုံးပြုမှု လျော့ကျစေရန် ခြောက်လှန့်သည့်အကြောင်းအရာများ[21]ကိုလည်း ဆက်တိုက် ဖြန့်ဝေခဲ့သည်။


---

[19] https://t.me/BABANYUNT6/11290
[20] https://t.me/BABANYUNT6/11812
[21] https://t.me/BABANYUNT6/11816, https://t.me/BABANYUNT6/11844




ပုံစာ ၁၁ - MY Space application အသုံးပြုရေး ခြိမ်းခြောက်မှု

တစ်ချိန်တည်းမှာပင် Facebook နှင့် အခြားဆက်သွယ်လူမှုကွန်ရက်များ အသုံးမပြုနိုင်စေရန် အတွက် VPN ကို ပိတ်ဆို့ကန့်သတ်ခဲ့သည့်အတွက် နိုင်ငံအဝန်းပြည်သူများဆက်သွယ်ရေးနှင့် သတင်းအချက်အလက် လက်ခံရေး အတွက် အခက်အခဲရင်ဆိုင်ခဲ့ကြရသည်။ ထို့ပြင် ပြည်သူများ၏ ဖုန်းများကို ပိုမိုတင်းကျပ်စွာ စိစစ်လာပြီး VPN ရှိပါက ဖမ်းဆီးခြင်း၊ ငွေတောင်းခံခြင်းပြုလုပ်သည့် ဖိနှိပ်သည့် ဖြစ်စဉ်များဆက်တိုက်ပေါ်ပေါက်လာခဲ့သည်။ သို့သော် စစ်ကောင်စီဝါဒဖြန့် Channel များက VPN သုံးစွဲမှုများကို ဖမ်းဆီးခြင်းမဟုတ်ဘဲ "VPN တွေ့ရင် ဖမ်း ကြောင်း သတင်းမှားဖြန့်သူများကိုသာ ဖမ်းဆီးခြင်း" ဟု လိမ်လည်ဝါဒဖြန့်ခဲ့သည်။ သို့သော် စစ်ကောင်စီတပ်၏ မိသားစုဝင်များပင် VPN ကြောင့် ဖမ်းဆီးခြင်းခံရသည်ဟု တိုင်ကြားလာသည့်အခါ ရှေ့နောက်မညီသည့် ကွဲလွဲဖြန့်ချိမှုများ ပေါ်ပေါက်လာခဲ့သည်။




ပုံစာ ၁၂ - VPN ကိစ္စကို ဖမ်းဆီးနေခြင်းမရှိကြောင်းနှင့် ဖမ်းဆီးနေသည်ဟု တိုင်ကြားလာသည့်ကွဲလွဲမှု


သတင်းအချက်အလက်ဖြတ်တောက်ရေးနည်းနာများအနက် ဆိုရှယ်မီဒီယာ များပေါ်တွင် နိုင်ငံရေးနှင့်တော်လှန်ရေး သတင်းများပျံ့နှံ့မှုကို ဖုံးလွှမ်းအောင်လုပ်သည့် နည်းစနစ်သည်လည်း သတိပြုစရာဖြစ်သည်။ စစ်ကောင်စီထောက်ခံသူများက ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် ဒုတိယလေးလပတ်တွင် "ဖွဘုတ်ကမ်ပိန်း"ဟု ခေါင်းစဉ်တပ်ပြီး တော်လှန်ရေး အကြောင်းအရာများအား တန်ပြန်ချေဖျက်ရန် ရည်ရွယ်ချက်ဖြင့် ပွဲရှာသည့်ပိုစ့်များအား အစားထိုး ဖြန့်ဝေရန် လှုံ့ဆော်ခဲ့သည်။ ယခုနှစ် ဒုတိယလေးလပတ်တွင်လည်း တော်လှန်ရေးပို့စ်များသည် ပွဲရှာသည့် ပိုစ့်များ လောက် အာရုံစိုက်မှု မရတော့ကြောင်း စစ်ကောင်စီထောက်ခံသူများက ဝမ်းမြောက်စွာဖော်ပြခဲ့သည်။ influencer အချင်းချင်းဖြစ်ပွားသည့် အငြင်းပွားမှုဖြစ်စဉ်ဗွီဒီယို ကြာချိန် ၃ နာရီကို ကြည့်ရှုမှု ၃သိန်းအထိ ရှိနေသော်လည်း လွန်ခဲ့သည့် တစ်နှစ်ကျော်က ဒေါက်တာဇော်ဝေစိုး၏ ဟောပြောမှုကို ကြည့်ရှုကြိမ် အရေအတွက် တစ်သိန်းကျော်သာရှိခဲ့ဟု နှိုင်းယှဉ် ဖော်ပြခဲ့ခြင်း[22] သည် သတိထားစရာ ဖြစ်သည်။ ၂၀၂၃ နှစ်ဆန်းပိုင်းမှ စ၍ Facebook ပေါ်တွင်နိုင်ငံရေးနှင့် ပတ်သက်သည့် အကြောင်းအရာများမြင်တွေ့ရမှုလျော့ကျခဲ့ခြင်းသည် စစ်ကောင်စီထောက်ခံသူများ၏ ဖွဘုတ် ကမ်ပိန်းအတွက် အမြတ်ထုတ်ရန် အခွင့်အရေးများ ရနေနိုင်သည်။

[22] https://t.me/Hno969888/4461

## အကြောင်းအရာဖြန့်ချိရေးနည်းနာ

၂၀၂၄ ခုနှစ် ဒုတိယလေးလပတ်တွင် စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေး Channel များက ၎င်းတို့ပေးချင်သည့် သတင်းစကားပိုမိုပျံ့နှံ့စေရန်နှင့် ၎င်းတို့ Channel များ Subscribe အရေအတွက်ပိုမိုတိုးပွားစေရန် ပေါ့ပေါ့ပါးပါး ဝါဒဖြန့်ချိရေး အကြောင်းအရာများဖန်တီးပြီး ပရိသတ်ကို မြူဆွယ်ခဲ့သည်။ ကိုရီးယားနှင့်တရုတ် ရုပ်သံဇာတ်လမ်းတွဲများ အပိုင်းလိုက်ဖော်ပြခြင်းဖြင့် သော်လည်းကောင်း၊ Tiktok ပေါ်တွင် ဗွီဒီယိုရုပ်သံဖိုင် အတိုအထွာများ ဖန်တီးခြင်းဖြင့် သော်လည်းကောင်း အကြောင်းအရာ ဖြန့်ဝေမှုကို အရှိန်မြှင့်ခဲ့ပြီး Subscriber စုဆောင်းခဲ့သည်။

Ko Thet channel တွင် မေလမှ စတင်ကာ ကျော်ကြားသောကိုရီးယားရုပ်သံဇာတ်လမ်းတွဲ အဟောင်းများကို နေ့စဉ်အပိုင်းလိုက်တင်ဆက်ခဲ့သည်။[23] တင်ဆက်သည့်အချိန်သည် ပျမ်းမျှ မြန်မာစံတော်ချိန် ည ၈ နာရီ တွင် တစ်ကား၊ ည ၁၁ နာရီတွင် တစ်ကား ဖြစ်ပြီး နိုင်ငံပိုင်သတင်းဌာနများက ထုတ်လွှင့်သည့် အချိန်ဇယားပုံစံနှင့်အလားတူ တင်ဆက်ခဲ့ခြင်းလည်းဖြစ်သည်။ ထိုသို့တင်ဆက်နိုင်ရန် အတွက် ရုပ်သံဇာတ်လမ်းတွဲကို Download ပြုလုပ်သိမ်းဆည်းခြင်း၊ Telegram Channel များသို့ upload ပြုလုပ်ခြင်းအတွက် လူစွမ်းအားအရင်းအမြစ်နှင့် နည်းပညာ အရင်းအမြစ်များသုံးစွဲနေသည်မှာ အသေအချာဖြစ်သည်။ လူပုဂ္ဂိုလ်တဦးတယောက်က စေတနာ့ဝန်ထမ်းသဖွယ် အကြောင်းအရာများဖြန့်ဝေပေးနေသည့် ပုံစံမဟုတ်ဘဲ အလုပ်ပုံစံ အချိန်ဇယားအတိုင်း အတိအကျ ဖြန့်ဝေနေခြင်းဖြစ်သည်မှာ ထင်ရှားပါသည်။




ပုံစာ ၁၃ - စစ်ကောင်စီဘက်ယိမ်းသည့်ဝါဒဖြန့်Channel တွင် နေ့စဉ်အလိုက်တင်ထားသည့် ကိုရီးယားဇာတ်လမ်းတွဲများ

[23] https://t.me/kothetjournalist9999/65769


နောက်ထပ် ထူးခြားသည့် ဝါဒဖြန့်ချိရေးနည်းနာတစ်ခုမှာ PDF များ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့် အပျက်အစီးဖြစ်စဉ်များကို ဉာဏ်စမ်းပဟေဠိပုံစံဖန်တီးပြီး ဖုန်းဘေလ် မဲဖောက်ပေးခြင်းဖြစ်သည်။[24] PDF များကျူးလွန်ခဲ့သည့် ဖြစ်စဉ်ဟု ပုံဖော်ပြီး နေရာဒေသ၊ တံတားအမည်၊ ထိခိုက်ခဲ့သည့် လူနာအရေအတွက် စသည်တို့ကို ပဟေဠိအဖြစ်ဖန်တီးပြီး အဖြေမှန်သူများကို ဖုန်းဘေ ၂၀၀၀ လွှဲပေးမည် ဟု ဖြန့်ဝေခဲ့သည်။[25] ဖြစ်စဉ်များမှာ ၂၀၂၂ ခုနှစ် အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်အဟောင်းများဖြစ်သည်။





ပုံစာ ၁၄ - PDF က ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသည့်ဖြစ်စဉ်ဟောင်းများအား ပဟေဠိဝှက်ပြီး ဖုန်းဘေမဲဖောက်သည့်ကိစ္စ

[24] https://t.me/BABANYUNT6/11232
[25] https://t.me/BABANYUNT6/11233

ထို့ပြင် Telegram အပြင် အခြား များတွင် တည်ထောင်ထားသည့် စစ်ကောင်စီထောက်ခံ ဝါဒဖြန့်အကောင့်များအား ချိတ်ဆက်ကြော်ငြာခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဒုတိယ လေးလပတ်အတွင်း စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေး Telegram Channel များသည် Facebook အသုံးပြုမှု လျှော့ချရေးနှင့် အခြား များ သုံးစွဲမှုကို ပိုမိုဦးစားပေးတိုက်တွန်းသည့် အကြောင်းအရာများ မကြာခဏဆိုသလို ဖြန့်ဝေခဲ့ကြသည်။ မီးပြတ်ရသည့် အကြောင်းအရင်းသည် PDF များက တာဝါတိုင်များကိုမိုင်းလိုက်ခွဲခြင်းကြောင့်ဟု အပြစ်ပုံချထားသည့် Slide show ပုံစံရုပ်သံဖိုင်တစ်ခုကို Tiktok တွင် ပြန်လည်ဖြန့်ဝေပေးကြရန် ဆော်သြခဲ့သည်။[26] ထို့ပြင် မြန်မာပြည်တွင် အဆင့်ရှိပြီး IQ မြင့်သူများသာ Tiktok နှင့် Telegram ကို အသုံးပြုကြကြောင်း tiktok video ဖန်တီးပြီး ဖြန့်ဝေခဲ့သေးသည်။[27]





မြန်မာသီချင်းတစ်ပုဒ်ဖြစ်သည့် “သီချင်းလေးကြားရင်” သီချင်းနှင့်ဂစ်တာလက်ကွက်၊ စာသားများ ကို Tiktok ရုပ်သံဖိုင်အတို[28] ဖန်တီးပြီး Ko Thet Tiktok တွင် ဖြန့်ဝေကာ လူစိတ်ဝင်စားမှုကို ပေါ့ပေါ့ပါးပါးနည်းလမ်းဖြင့် ရှာဖွေခဲ့သည်။

---

[26] https://t.me/BABANYUNT6/11119
[27] https://t.me/kothetjournalist9999/67916
[28] https://t.me/kothetjournalist9999/65065




ပုံစာ ၁၅ - Ko Thet Tik Tok တွင် ဖြန့်ဝေထားသည့် ဂစ်တာလက်ကွက်

# အပိုင်း ၄ – အချက်အလက် ကိန်းဂဏန်းပြ ရုပ်ပုံများ

၂၀၂၄ ခုနှစ် ဒုတိယ ၄ လပတ်အတွင်း The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် Telegram, Facebook, Tiktok, Youtube တို့တွင်တွေ့ရသည့် အန္တရာယ်ဖြစ်စေနိုင်သောအကြောင်းအရာ၊ သတင်းအမှား သံသယဖြစ်ဖွယ် အကြောင်းအရာနှင့်၊ ကိုးကားရန် သက်သေအထောက်အထား စသည့် အကြောင်းအရာ စုစုပေါင်း ၁၀၈၁ ခုကို သိမ်းဆည်းနိုင်ခဲ့ပါသည်။

ယင်းတို့ကို အခြေခံ၍ -

က) အန္တရာယ်ဖြစ်နိုင်မှုအခြေအနေ၊
ခ) အကြောင်းအရာအမျိုးအစား (Category)၊
ဂ) ဆက်နွယ်သည့်ကိစ္စ(Issue)၊
ဃ) ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ (Target) ဟူ၍ ကိန်းဂဏန်းဆိုင်ရာ အချက်အလက်ပြဇယားလေးခုကို စိစစ်လေ့လာထားသည်။


ယင်းအပြင် ဆိုရှယ်မီဒီယာပေါ်တွင် ကန့်သတ်ထားသည့် စကားလုံးများကို ရှောင်ရှားရန် စကားဝှက်နည်းနာကို အသုံးပြုမှုကိုလည်း ယခုအခန်းတွင် လေ့လာတင်ပြထားပါသည်။

## (က) အန္တရာယ်ဖြစ်နိုင်မှုအခြေအနေ

Risk Level ကို ပြထားသည့် ရုပ်ပုံတွင် အမည်းရောင်အဆင့် (Extreme)၊ အနီရောင်အဆင့် (High)၊ လိမ္မော်ရောင်အဆင့် (Medium)၊ အဝါရောင်အဆင့် (Low) နှင့် အစိမ်းရောင်အဆင့် (None)တို့ပါဝင်သည်။

- အမည်းရောင် အဆင့် တွင် လေကြောင်းတိုက်ခိုက်ရန် လှုံ့ဆော်ခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်သည့်ဖြစ်စဉ် ၊ သုတ်သင်ရန်အတွက် ခြိမ်းခြောက်သည့်ဖြစ်စဉ်များပါဝင်သည်။
- အနီရောင်အဆင့်တွင် မြေပြင်၌ ဖမ်းဆီးရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးဘာသာရေး အဓိကရုဏ်းဖြစ်ရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း စသည့် ကိစ္စ ရပ်များပါဝင်သည်။

- အနီရောင်အဆင့်နှင့်အနက်ရောင်အဆင့်အခြေအနေတို့နှင့်ပတ်သက်၍ မိတ်ဖက်များထံသို့ Daily Alert ထဲတွင် ထည့်သွင်းအကြောင်းကြားပြီး အရေးပေါ် ဖြစ်စဉ် သတိပေးချက်များကို The Red Flag က ပေးပို့ခဲ့သည်။
- လိမ္မော်ရောင်အဆင့်တွင် ပြဿနာ ဖြစ်စေနိုင်သော်လည်း မြေပြင်အထိ သက်ရောက်ရန်ရာခိုင်နှုန်း အနည်းအကျဉ်းသာရှိသည့် ကိစ္စရပ်များ၊ ဆက်လက်သတိထား စောင့်ကြည့်ရန် ကိစ္စ များပါဝင်သည်။
- အဝါရောင်နှင့် အစိမ်းရောင်တို့တွင် ပါဝင်သည့် အကြောင်းအရာများသည် မြေပြင်အထိ သက်ရောက်မှု တစုံတရာ မရှိသည့်ကိစ္စများဖြစ်ပြီး သုတေသန လုပ်ငန်းစဉ် နှင့် စောင့်ကြည့်ရေး၊ စုံစမ်းဖော်ထုတ်ရေး လုပ်ငန်းစဉ်တို့အတွက် သိမ်းဆည်းထားသည့် အကြောင်းအရာများဖြစ်သည်။





ပုံ စာ ၁၆ - အန္တရာယ်ဖြစ်နေနိုင်သည့် အခြေအနေ(Risk Level)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

## (ခ) အကြောင်းအရာအမျိုးအစား

The Red Flag က သိမ်းဆည်းခဲ့သည့် အချက်အလက်များတွင် သတင်းအမှား သံသယဖြစ်ဖွယ်အကြောင်းအရာများ (Fact-Check)၊ အန္တရာယ်ရှိသော အကြောင်းအရာများ (Dangerous Trend)နှင့် သုတေသနအတွက်ကိုးကား အသုံးပြုရန်သိမ်းဆည်းသည့် သက်သေ အထောက်အထားများ (Intel )စသည့် အမျိုးအစားသုံးခု ပါဝင်သည်။

- သတင်းအမှားအဖြစ်သံသယဖြစ်ဖွယ် အကြောင်းအရာ သိမ်းဆည်းနိုင်မှု ၆၇.၈ ရာခိုင်နှုန်း အထိ ရှိပြီး အချက်အလက်စုဆောင်းမှု၏ ထက်ဝက်ကျော်ကို နေရာယူထားပါသည်။ ထို သံသယဖြစ်ဖွယ် အကြောင်း အရာများ ကို အချက်အလက်စစ်ဆေးနိုင်ရန်အတွက် မိတ်ဖက်များထံသို့ နေ့စဉ်၊အပတ်စဉ် ပေးပို့သည့် လုပ်ငန်းစဉ်လည်းရှိသည်။

- သတင်းဖြစ်မှုဖမ်းဆီးမှု၊ လေကြောင်းရန်လှုံ့ဆော်မှုနှင့် လူမျိုးရေးဘာသာရေးမုန်းတီးမှုများ အား လှုံ့ဆော်သည့် အကြောင်းအရာ ၁၄.၉ ရာခိုင်နှုန်းသိမ်းဆည်း ထားသည်။ ယင်းတို့ အနက် အချို့အကြောင်းအရာများသည် ပြည်သူများ ထိခိုက်မှု ဖြစ်စေရန် မြေပြင်အထိပါ လုပ်ဆောင်ခဲ့သည်တို့လည်း ရှိသည်။ လေကြောင်းမှဗုံးကြဲရန်လှုံ့ဆော်သည့်ကိစ္စသည် အထင်ရှားဆုံးကိစ္စ ဖြစ်ပါသည်။
- သုတေသနအတွက်ကိုးကားအသုံးပြုရန် သိမ်းဆည်း သည့် သက်သေ အထောက်အထားများ တွင် စုံစမ်းဖော်ထုတ်ရန် ကိစ္စများ၊ စစ်ကောင်စီထောက်ခံသူအချင်းချင်း အချင်းများသည့်ကိစ္စများ၊ ရေပန်းစားအကြောင်းအရာများနှင့် ဆက်နွယ်ပြီး ပြည်သူကို သို့မဟုတ် တပ်တွင်းကို စည်းရုံးရန် ဖြန့်ဝေသည့် အကြောင်းအရာများပါဝင်သည်။





ပုံစာ ၁၇ - အကြောင်းအရာအမျိုးအစား(Category)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

## (ဂ) ဆက်နွယ်သည့်ကိစ္စ

ဆက်နွယ်သည့်ကိစ္စရပ်များ (Issue) တွင် စစ်ကောင်စီတပ်ကကျူးလွန်သည့် ဖြစ်စဉ်များကိုဖုံးကွယ်ခြင်းနှင့် (Coverup)၊ လူမျိုးဆိုင်ရာလှုံ့ဆော်မှု (Ethnicity/Nationality)၊ တော်လှန်ရေး အင်အားစုများ ကျူးလွန်သည်ဟု အပြစ်ပုံချခံရသော မှုခင်း(Crime) ဆိုင်ရာကိစ္စများ၊ လေကြောင်းမှ ဗုံးကြဲရန်နှင့် မြေပြင်တွင် အမှန်တကယ်ဖြစ်ပွားစေရန်လှုံ့ဆော်ခြင်း (Call for action) နှင့် အမှန်တကယ် ဖြစ်ပွားသည့်အခြေအနေ (Activation) စသည်တို့က The Red Flag ၏ အချက်အလက်စုဆောင်းမှုတွင် လွှမ်းမိုးထားပါသည်။


အခြားအရေးကြီးသည့် ဆက်နွယ်ကိစ္စများအနေဖြင့် စစ်ဘက်ဆိုင်ရာစစ်ဆင်ရေး(Military Operation)၊ ဖမ်းဆီးရန် အွန်လိုင်းမှ အချက်အလက်ရှာဖွေလှုံ့ဆော်ခြင်း (Doxxing)၊ တပ်စွန့်ခွာပြီး ပြည်သူ့ရင်ခွင်ခိုလှုံခြင်း (Defection)၊ စစ်မှုထမ်းဥပဒေ(Military Conscription) ၊ သူလျှို (Spy)ကိစ္စ စသည့်တို့ကို လည်းသိမ်းဆည်း ရရှိထားပါသည်။ General Info သည် သုတေသနလုပ်ငန်းစဉ်အတွက် အသုံးဝင်သည့် အကိုးအကားနှင့်သက်သေ အထောက်အထား များသိမ်းဆည်းထားသည့် Category ဖြစ်ပါသည်။




ပုံစာ ၁၈ - ဆက်နွယ်သည့်ကိစ္စရပ်များ(Issue)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ

## (ဃ) ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ

စစ်ကောင်စီထောက်ခံသူများ၏ဝါဒဖြန့်ချိမှုများ၏ အဓိကပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအနက် ၂၀၂၄ ခုနှစ် ဒုတိယလေးလအတွင်းစုဆောင်းထားသည့် The Red Flag ၏ အချက်အလက်များကို အခြေခံ၍ လေ့လာရာတွင် တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (EROs)များကို ဦးတည်တိုက်ခိုက်သည့် အကြောင်း အရာမှာ အများဆုံးဖြစ်သည်။ ၎င်းတို့ဖန်တီးထား သည့်အကြောင်းအရာများ တွင် EROs များက လူသတ်၊ မုဒိန်းကျင့်၊ မီးရှို့ခြင်း၊ ဗုဒ္ဓဘာသာကိုစော်ကားခြင်း၊ တပ်သားသစ်စုဆောင်းခြင်း၊ ဘိန်းဘုရင်များအဖြစ်ပုံဖော်ခြင်း၊ ဗမာများကို မောင်းထုတ်ခြင်း စသည်ဖြင့် သည်းခြေကြိုက် ထိလွယ်ရှလွယ်ကိစ္စရပ်များ ပါဝင်သည်။ ယင်းတို့ကို အခြေခံ၍ EROs များကို အမုန်းတရားပွားရန်နှင့် နိုင်ငံတကာစာမျက်နှာတွင် လူ့အခွင့်အရေးချိုးဖောက်နေသည့်အကြမ်းဖက် အဖွဲ့ အစည်းများဟု တံဆိပ်ကပ်ခံရစေရန် စစ်ကောင်စီထောက်ခံသူများက ဖန်တီးနေခြင်းဖြစ်သည်။




ပုံ စာ ၁၉ - ပစ်မှတ်ထားခံရသည့်လူပုဂ္ဂိုလ်၊အဖွဲ့အစည်းများ(Target)ပြ ကိန်းဂဏန်းဆိုင်ရာရုပ်ပုံ


ဒုတိယအများဆုံးဦးတည်တိုက်ခိုက်ခံရသည်မှာ သာမန်အရပ်သားပြည်သူများ (Civilian) ဖြစ်ပြီး ဖမ်းဆီးရန်ခြိမ်းခြောက်ခံရခြင်း၊ ဗုံးကြဲရန်လှုံ့ဆော်ခြင်း၊ သတ်ဖြတ်ရန်ခြိမ်းခြောက်ခြင်း၊ စစ်မှုထမ်းရန်လှုံ့ဆော်ခြင်း စသည့် အကြောင်းအရာများ ဖြန့်ဝေနေသည်။ ထို့ပြင် တပ်စွန့်ခွာ၍ ပြည်သူ့ရင်ခွင်ခိုလှုံသူများ၊ CDM ပြုလုပ်ထားသူများ၊ သတင်း ဌာနများ၊ PDF များ၊ မွတ်စလင်များ၊ ဗုဒ္ဓဘာသာဝင်များ၊ ထောက်ပို့များ၊ နိုင်ငံခြားသားများကို ပစ်မှတ်ထား၍ တိုက်ခိုက်မှု များလည်းပြုလုပ်ထားသည်။ The Red Flag ၏ ပထမ ၄ လ ပတ် အချက်အလက် စုဆောင်းမှု သုံးသပ်ချက်နှင့် ဒုတိယလေးလပတ် အချက်အလက်စုဆောင်းမှု သုံးသပ်ချက်တို့တွင် ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ် နှင့် အဖွဲ့အစည်းများပြောင်းလဲမှု ကြီးကြီးမားမားမရှိပေ။

**စကားဝှက်များနောက်ကွယ်မှ အမုန်းတရား**

ဆိုရှယ်မီဒီယာများ၏ အရေးယူမှုကို ရှောင်တိမ်းနိုင်ရန်နှင့် ပိုပြီးမှတ်မိလွယ်သည့် အသုံးအနှုန်း ဖြစ်စေရန်အတွက် စစ်ကောင်စီဘက်ယိမ်းသည့် ဝါဒဖြန့်ချိရေး အကောင့်များသည် ဆိုရှယ်မီဒီယာ များကန့်သတ်ထားသည့် **စကားလုံးကို ရှောင်ရှား၍ အမုန်းပွားအန္တရာယ် ဖြစ်စေနိုင်သော စကားဝှက်များကိုတီထွင်ပြီး** ဆထက်တပိုး တိုးတက်သုံးစွဲလျက်ရှိနေသည်။ ၂၀၂၄ ခုနှစ် ဒုတိယလေးလအတွင်း The Red Flag အဖွဲ့အနေဖြင့် ယင်းစကားဝှက်များကို စောင့်ကြည့် သိမ်းဆည်း အဓိပ္ပာယ်ဖော်ထုတ် လေ့လာထားပါသည်။

၂၀၂၄ ခုနှစ် မေလ မှ ဩဂုတ်လအထိ ပျံ့နှံ့ခဲ့သည့် စကားဝှက်များအနက် The Red Flag အဖွဲ့အနေဖြင့် စကားဝှက် အသုံးအနှုန်း (Wording) စုစုပေါင်း ၁၁၀ ခုကို စောင့်ကြည့် သိမ်းဆည်းခဲ့ပါသည်။ ယင်းစကားဝှက်များ၏ နောက်ကွယ်တွင် ကိုယ်ထိလက်ရောက် စစ်ကြောမေးမြန်းရန်လှုံ့ဆော်ခြင်း၊ လူမျိုးတုန်းသတ်ဖြတ်ရန်လှုံ့ဆော်ခြင်း၊ လူမျိုးရေးအမုန်းပွားရန် လှုံ့ဆော်ခြင်း၊ လေကြောင်း တိုက်ခိုက်ရန် နယ်မြေရှင်းလင်းရန် လှုံ့ဆော်ခြင်း အဓိပ္ပါယ်များ ပါဝင်သည်။

စကားဝှက်များ၏ Risk Level ပြသရုပ်ဖော်ပုံ




ပုံစာ ၂၀ - စကားဝှက်များ၏ အန္တရာယ်ဖြစ်စေနိုင်မှု(Risk Level) ပြ ရုပ်ပုံ

၂၀၂၄ ခုနှစ် ဒုတိယ လေးလအတွင်းစုဆောင်းခဲ့သည့် စကားဝှက်များတွင် အန္တရာယ်ဖြစ်စေနိုင်မှုကို တိုင်းတာသည့် အဆင့် ၆ ဆင့် ခွဲခြားထားသည်။ အနက်ရောင်၊ အနီရောင်၊ လိမ္မော်ရောင်၊ အဝါရောင်၊ အစိမ်းရောင် တို့အတွက် အန္တရာယ်ဖြစ်မှု အခြေအနေ အဓိပ္ပာယ်သတ်မှတ်ချက်သည် အပိုင်း (၃) အချက်အလက်စုဆောင်းမှုဆိုင်ရာ ကိန်းဂဏန်းပြ ရုပ်ပုံများတွင် ဖော်ပြထားသည့် အကြောင်းအရာများ၏ အန္တရာယ်ဖြစ်စေနိုင်မှု သတ်မှတ်ချက် (Risk Level) နှင့် တူညီပါသည်။ အပြာရောင်သတ်မှတ်ထားသည့် စကားလုံးများသည် အဓိပ္ပာယ်ဖော်ထုတ်၍ မရနိုင်သည့် စကားလုံးများဖြစ်သည်။

စကားဝှက်စုဆောင်းမှုနှင့် အဓိပ္ပာယ်ဖွင့်ဆိုမှုဇယားကို နောက်ဆက်တွဲ စာမျက်နှာတွင် အသေးစိတ် ဖတ်ရှုနိုင်ပါသည်။

# အပိုင်း ၅– နိဂုံး

၂၀၂၄ ခုနှစ်၏ ဒုတိယလေးလပတ်အတွင်း အွန်လိုင်းပေါ်တွင် ပျံ့နှံ့ခဲ့သည့် အကြောင်းအရာများအနက် အရပ်သားမဲ့ ဧရိယာအဖြစ် တံဆိပ်ကပ်ပြီး လေကြောင်းမှတစ်ဆင့် လှုံ့ဆော်ခဲ့သည့် ကိစ္စသည် မြေပြင်တွင် ဖုံးကွဲသည့် ဖြစ်စဥ်များနှင့် ချိတ်ဆက်မှု ရှိနေသည့်အပြင် ဖုံးကွဲမှုကို တရားဝင်သည့် လုပ်ဆောင်ချက်အဖြစ် ကြိုးပမ်းနေကြသည့် အခြေအနေရှိပါသည်။ စစ်ကောင်စီတပ်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ တော်လှန်ရေး အင်အားစုများ၏ ခုခံစစ်ကို ရင်ဆိုင်နေရပြီး မြို့နယ်ပေါင်းများစွာ လက်လွှတ်ဆုံးရှုံးခဲ့ရသည့် အခြေအနေကို ပြန်လည်အဖတ်ဆယ်ရန် အတွက် လေကြောင်းကိုအားပြုပြီး သာလွန်အင်အားများဖြင့် မြို့နယ်များကို ပြန်လည်သိမ်းယူရန် ကြိုးပမ်းနေသည်။

လာမည့်လပိုင်းများတွင်လည်း လေကြောင်းတိုက်ခိုက်ရေးနှင့် လှုံ့ဆော်မှုများကို ဆက်တိုက် ပြုလုပ်လာမည့် အခြေအနေရှိသည့်အတွက် စောင့်ကြည့်သိမ်းဆည်းသတိပေး လုပ်ငန်းစဥ်များကို အွန်လိုင်းစောင့်ကြည့်ရေး သုတေသီများ အနေဖြင့် အာရုံစိုက်လုပ်ဆောင်ရန် လိုအပ်ပါသည်။

ထို့ပြင် ထိလွယ်၊ရှလွယ် ကိစ္စရပ်များတွင် အချက်အလက်စိစစ်သူများ၊ သတင်းထောက်များ၏ အခန်းကဏ္ဍသည် ဘက်လိုက်မှုကင်း၍ သမာသမတ်ကျသော အချက်အလက် စိစစ်မှုများ၊ ရေးသားမှုများဖြင့် တင်ဆက်နိုင်ရန် အလွန်ပင်အရေးကြီးလှသည်။

ရခိုင်၊ ရိုဟင်ဂျာဖြစ်စဥ်တွင်လည်း ဘက်ပေါင်းစုံကတင်ပြမှုများကို ကြည့်မည်ဆိုပါက တော်လှန်သူ အချင်းချင်း အကြား ညှိနှိုင်းရခက်စေမည့် ကွာဟမှုသည် တဖြေးဖြေးပိုမိုကြီးမားလာပြီး အဓိကတရားခံ "အာဏာသိမ်း စစ်ကောင်စီ" ၏ ကျူးလွန်မှုများကို မှေးမှိန်သွားစေရန် ဦးတည်နေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထိုဦးတည် ချက်ကိုကြည့်ခြင်းဖြင့် တော်လှန်သူအချင်းချင်းအကြားတွင် သွေးကွဲစေရန်အတွက် ဖန်တီးနေသည့် စစ်ကောင်စီနှင့် ၎င်းထောက်ခံသူများ၏ အကြောင်းအရာ ဖြန့်ဝေမှုများသည် အောင်မြင်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ရခိုင်ပြည်တွင် ကလေးငယ်များ၊ အမျိုးသမီးပါဝင်သည့် ရိုဟင်ဂျာလူမျိုးများစွာသည် ပိုင်ဆိုင်မှုများကို စွန့်၍ ထွက်ပြေးတိမ်းရှောင်းကြရင်း လက်နက်များကြောင့် သေဆုံးသွားကြသည့် နစ်နာသူများဖြစ်သကဲ့သို့ ရခိုင်လူမျိုးများ အပါအဝင် မှီတင်းနေထိုင်ကြသည့် ပြည်သူများစွာသည်လည်း ခရီးသွားလာခွင့်မှအစ ပိတ်ပင်ခြင်းခံခဲ့ရသည်။ စစ်ကောင်စီနှင့် အပေါင်းပါများ၏ အကြမ်းဖက် သတ်ဖြတ်၊ ဖမ်းဆီးမှုများခံရခြင်း၊ ပိုင်ဆိုင်သည့် အိုးအိမ်စည်းစိမ်

များသည်လည်း ပျက်စီးဆုံးရှုံးမှုကို ရင်ဆိုင်နေကြရသည့် နစ်နာသူများပင် ဖြစ်သည်ဆိုသည့် အကြောင်းအရာကို မမေ့လျော့ဘဲ အထူးသတိပြုရန် လိုအပ်ပါသည်။

စစ်ကောင်စီထောက်ခံသူများ၏ ဝါဒဖြန့်ဗျူဟာများနှင့်ပတ်သက်၍ ပြန်လည်သုံးသပ် ရမည်ဆိုပါက အာဏာသိမ်းမှုဖြစ်စဉ်နောက်ပိုင်း Telegram ပေါ်တွင် အဓိက ခြေကုပ်ယူပြီး ဝါဒဖြန့်ချိရေး၊ အန္တရာယ်ရှိသည့် အကြောင်းအရာများ ဖြန့်ဝေရေးပြုလုပ်နေကြသည့် စစ်ကောင်စီဝါဒ ဖြန့်ချိသူများနှင့် အမျိုးသားရေးအစွန်းရောက်များသည် ၂၀၂၄ ခုနှစ်အတွင်း Tiktok နှင့် Youtube သို့ ပိုမိုဖြန့်ကြက်လာကာ-

- အကြောင်း အရာတူ ပုံစံကွဲ လူစိတ်ဝင်စားမှု ပိုများစေသည့် Video အတိုများ
- လူပုဂ္ဂိုလ်ကိုယ်တိုင် လူလုံးထွက်ပြပြီး နိုင်ငံရေးစစ်ရေးအခြေအနေကို သုံးသပ်ပြသည့် ရုပ်သံဖိုင်များ
- စာသားကိုဓာတ်ပုံထဲတွင်မြှုပ်ထားသည့် Templateများ
- လူစိတ်ဝင်စားစေမည့် သာမန်ဗွီဒီယို အတိုအထွာများ စသည်တို့ကို ဖြန့်ဝေနေကြသည်။

အွန်လိုင်းဝါဒဖြန့်ချိရေးနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် အကြောင်းအရာများကို လေ့လာနေသူများ၊ သတင်းဌာနများနှင့် ဆိုရှယ်မီဒီယာကုမ္ပဏီများအနေဖြင့် ယင်းဗွီဒီယိုမျှဝေသည့် လူမှုကွန်ရက်များတွင် ပိုမိုပြင်းထန်စွာ လှုပ်ရှားလာကြသည့် စစ်ကောင်စီ၏ ဝါဒဖြန့်ချိရေး အခြေအနေကို သတိချပ်ရန်နှင့် ကိုင်တွယ်ဖြေရှင်းနိုင်ရန် အထူးလိုအပ်နေသည်။

Tiktok ပေါ်တွင် ပြင်းထန်စွာလှုံ့ဆော်နေသည့် ဗုံးကြဲခြင်း၊ လူသတ်ခြင်းများ ကိုလည်း Tiktok ကုမ္ပဏီက ကိုင်တွယ်ဖြေရှင်းနေခြင်း မရှိသေးကြောင်းတွေ့ရသည်။ Telegram သည် ၎င်းတို့ဝန်ဆောင်မှုအပေါ်တွင် ပျံ့နှံ့နေသည့် မြန်မာနိုင်ငံဆိုင်ရာ သတင်းတု သတင်းမှားများ၊ အမုန်းစကားများ၊ သတ်ဖြတ်ရန်ဗုံးကြဲရန်လှုံ့ဆော်မှုများ၊ တော်လှန်ရေးအင်အားစုများအား လိင်ပိုင်းဆိုင်ရာညစ်ညမ်း ရုပ်ပုံဗွီဒီယိုများအား ဖယ်ရှားခဲ့ခြင်း မရှိဘဲ ဖြန့်ဝေသူများကို လည်း ထိထိရောက်ရောက် အရေးယူမှု ပြုလုပ်ခဲ့ခြင်း မရှိပေ။

ဆိုရှယ်မီဒီယာများတွင်ပျံ့နှံ့နေသည့်အကြောင်းအရာများသည် လက်နက်ကိုင် အချင်းချင်း တိုက်ခိုက်နေသည့် ကိစ္စများထက် ပိုမိုကျယ်ပြန့်ပြီး အရပ်သားကာကွယ်ရေးဖြစ်စဉ်ကို ခြိမ်းခြောက်နေသည့် ကိစ္စရပ်များဖြစ်ပါသည်။ ထို့ကြောင့်အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ သတင်းဌာနများ၊ ဆိုရှယ်မီဒီယာကုမ္ပဏီများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများအနေဖြင့် လေကြောင်းရန်လှုံ့ဆော်မှု၊ သတ်ဖြတ်ရန်လှုံ့ဆော်မှုနှင့် သတင်းတုသတင်းအမှား တိုက်ဖျက်ရေးလုပ်ငန်းစဉ်ကို ယခုထက်ပိုမိုထိရောက်စွာ လုပ်ဆောင်နိုင်ရေး ဆွေးနွေးအဖြေရှာရန် လိုအပ်လျက်ရှိသည်။

ကျေးဇူးတင်ပါသည်။

## နောက်ဆက်တွဲဇယားဖော်ပြချက်

| Extreme Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | ဖြောင်ပစ်လိုက် | သတ်ပစ်ရန် လှုံ့ဆော်။ |
| 2 | မီးသွေးထပ်ဖုတ်ရန် | မီးလောင်တိုက်သွင်းရန် လှုံ့ဆော် |
| 3 | ဆန်ပြုတ်သောက်ပင့်ထား | အစားအစာဝါးမစားနိုင်သည်အထိ ရိုက်နှက်ရန်လှုံ့ဆော် |
| 4 | အရှင်ကိုလုံးဝမယူတာ | သတ်ရန်လှုံ့ဆော် |
| 5 | ကခုန် | ဗုံးကြဲရန်လှုံ့ဆော်လာသည့် စကားဝှက် |
| 6 | သဖြ | သတ်ဖြတ် |

| High Risk Level Wording | | |
|---|---|---|
| No. | Encryption | Decryption |
| 1 | မိတ်ကပ်နန္ဒင်း | ဖူးယောင်သည့်အနာကို နန္ဒင်းအုံခြင်း |
| 2 | မီးဖုတ် | မီးလောင်တိုက်သွင်း |
| 3 | မည့ယ်ကောင် | ကချင်လူမျိုး |
| 4 | ဘုတို | ခြေပြတ်လက်ပြတ်ဖြစ်နေသည့်ဒဏ်ရာရစစ်သည် |
| 5 | ရဂိ | ရခိုင်လူမျိုး |
| 6 | ဖျားသခင်နဲ့တွေ့ | သေဆုံး |
| 7 | ဘဲပွဲကနေ | စစ်ကောင်စီ၏ ရေတပ် တိုက်ခိုက်မှုလုပ်နေ |
| 8 | ကျွန်ဗယ်မာနီပိတ်များ | ကျွန်ခံနေသည့် ဗမာလူမျိုးများ |
| 9 | ခေါင်ရည်လချိပ် | ကချင်လူမျိုး |
| 10 | ဂိုန်ဖော့စစ်သွေးကြွ | KIA |
| 11 | ပဒေသရာဇ် ရခွေးတိုင်းပြည် | ရခိုင်ပြည် |
| 12 | လနက၊ လနင | လက်နက်ကြီး၊ လက်နက်ငယ် |

| | | |
|---|---|---|
| 13 | အပေါ်ကောင် | လေကြောင်းမှ လေယာဉ်ဖြင့်တိုက်ခိုက်ရန် |
| 14 | အံပုံကျွတ်အောင်သာကြိတ် | မျက်နှာကိုရိုက်နှက် |
| 15 | စွခွက်ရိုက် | မျက်နှာအား ရိုက်နှက်စစ်ဆေး |
| 16 | ဒယ်အိုးထဲရောက်သွားပြီ | သေသွားပြီ၊ ငရဲသွားပြီ |
| 17 | အကြမ်းဖက် ရခွိုင်းလော်ဘီ ရဟန်းတု | AAကိုအားပေးသည့်ရဟန်း |

| Medium Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | မွင်းငါး | အလောင်း |
| 2 | အပေါ်ကောင် | လေယာဉ်ပျံ |
| 3 | စစ်သွေးကြွ | PDF |
| 4 | အလို့နီပြု | အလေးနီပြုသည် |
| 5 | နှစ်ချောင်းထောက် | လက်နက်ကြီး |
| 6 | အခြောက်မ မိထွန်း | AAဗိုလ်ချုပ် ထွန်းမြတ်နိုင် |
| 7 | ကားယားပြည်နယ် | ကရင်နီပြည် |
| 8 | တာနီဘန်အဖွဲ့ | NUG |
| 9 | အကြမ်းဖက်တပ်တော် | အာရက္ခတပ်တော်(AA) |
| 10 | ဒေါ်စုတ်ကျည် | ဒေါ်အောင်ဆန်းစုကြည် |
| 11 | အရိုးဒေါ်ပု | အရေးတော်ပုံ |
| 12 | လူမှားဖမ်း | ဖမ်းဆီးခံရသူ၏ ရုပ်ပိုင်းဆိုင်ရာပုံပန်းသဏ္ဍာန်ကိုနှိမ့်ချစော်ကားသည့် စကားလုံး |
| 13 | စစ်သွေးကြွ မီဒီယာများ | ပြည်သူများယုံကြည် ဖတ်ရှုသည့်သတင်းဌာနများ |
| 14 | မြောက်ဆိုးတွေ | မြောက်ပိုင်းညီနောင်မဟာမိတ်များ |
| 15 | ဘော်လီဝတ် | မိန်းမလိုမိန်းမရ ဆန်သည် |

| | | |
|---|---|---|
| 16 | လုပ်ကြည့်ညို | တော်လှန်သူများသည် ဗုဒ္ဓဘာသာကို နိုင်ငံရေးရည်ရွယ်ချက်ဖြင့် အသုံးချနေသည် |
| 17 | တောPDFသုထမိန် | PDFများသည် မသိနားမလည်သည့် တောသားပညာမဲ့များအဖြစ်ပုံဖော် |
| 18 | ဘင်နောင်းဆွေဝင်း | Myanmar Now သတင်းဌာနမှ ကိုဆွေဝင်းကို ပုံဖျက်ခေါ် |
| 19 | မျောက်နှင်းရည်လွင် | မြနှင်းရည်လွင် |
| 20 | ငါမိုကရေစီလမ်းစဉ် | ဒီမိုကရေစီလမ်းစဉ် |
| 21 | ပြောင်းဖူးရိုး | TNLA |
| 22 | တောသီးတွေ | တော်လှန်ရေးထောက်ခံသူများ |
| 23 | ဖက်ဒရယ်ဂျိုထောင်ကရေစီ | ဖက်ဒရယ် ဒီမိုကရေစီ |
| 24 | နံနံတကာပြည်ကြီးတန်ဆာ | ဒေါ်အောင်ဆန်းစုကြည်ကို ပုံဖျက်ခြင်း |
| 25 | ဗိုက်ချူပ်ကြီး မိမော်ဂွမ်း | ရုပ်ရှင်သရုပ်ဆောင် မင်းမော်ကွန်း |
| 26 | မွတ်မဲပြာသု | ရုပ်ရှင်သရုပ်ဆောင် ပိုင်ဖြိုးသု |
| 27 | အာသီးယောင် | ဝင်ရောက်ပြောဆိုခြင်း |
| 28 | အရှင်ကောဝိဒ(ကာမေအုန်းပင်) | အရှင်ကောဝိဒ (ရွှေအုန်းပင်) |
| 29 | နရှူးကြီး | NUG |
| 30 | ဘောကြီးနေမျိုးဖင် | ဗိုလ်ကြီးဟောင်း နေမျိုးဇင် |
| 31 | ကြောင်သက်လင်း | MRTV-CDM- ဦးကျော်သက်လင်း |
| 32 | အာလူး | လူအင်အား |
| 33 | အသားဝါ | တရုတ်လူမျိုးများ |
| 34 | နိုင်ငံကျော်သူခိုးဓားပြမကြီး | ပန်ဆယ်လို |
| 35 | တရုတ်စစ်တပ် | MNDAA |
| 36 | ကားယားပြည်နယ် | ကရင်နီပြည် |
| 37 | KSO | ကျော်စိုးဦး (People Media) |

| | | |
|---|---|---|
| 38 | ပြည်သူသတ်ဖြတ်ရေးအဖွဲ့ | PDF |
| 39 | ကိုးကန်း | MNDAA |
| 40 | ခေါင်းပေါင်း | ခေါင်းဆောင်များ |
| 41 | ပြိုလ်ကြွနေတဲ့ ၅လုံး၊၄လုံး နဲ့ ၃လုံး | MNDAA, TNLA, PDF |
| 42 | သူခိုး၊ဒမြ | MNDAA, TNLA, AA, PDF |
| 43 | ခွေးကန့် ဖုန်တရုတ်များ | MNDAA |
| 44 | ဧကန့်ခွဲ | MNDAA |
| 45 | လက်ဖက်ခြောက် | TNLA |
| 46 | J-Donuts တို့ | ရန်ကုန်မှ ရဲများ |
| 47 | လောက်ဗမာ | ဗမာPDFများ |
| 48 | ဟန် TY, TY | တရုတ်နိုင်ငံ/ တရုတ်လူမျိုး |
| 49 | မဟုတ်တယုတ် | တရုတ်နိုင်ငံ /တရုတ်လူမျိုး |
| 50 | နီပေါတွေ၊ရင်စိမ်းဖျင်နီ၊ဖျင်နီရင်နီတွေ | တော်လှန်ရေးေထာက်ခံသူများ |
| 51 | ရခွီးမတွေ | ရခိုင်အမျိုးသမီးများ |
| 52 | ဖွဲသီး | ဖရဲသီး |
| 53 | နွေဦးဖျင်ခံလောကသားများ | နွေဦးတော်လှန်ရေးတွင် လူသိများထင်ရှားကြသူများ |
| 54 | ရွှေဖီလိမ် | ရွှေဖီမြေသတင်းဌာနအား ပုံဖျက်ခေါ်ဆိုခြင်း |
| 55 | တကန့်ပျက် | ကိုးကန့်တပ် (MNDAA) |

| Low Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ချီးဒူးဝါး | ဆိုင်း - စိန်ဒူးဝါး |
| 2 | စိတ်ဂဏှာမငြိမ်.ခွေးခေါင်းဆိုက်ဂွ | စောချစ်သူ |
| 3 | ဘတ်ကီးတင်ထွန်းနိုင် | NUGဘဏ္ဍာရေးဝန်ကြီး ဦးတင်ထွန်းနိုင် |

| | | |
|---|---|---|
| 4 | ကွီးယား | ကိုရီယားနိုင်ငံ |
| 5 | KIA စစ်အူးဇီးဂျုပ် အခေါင်းလွမ်း | KIA စစ်ဦးစီးချုပ် ခေါင်လွမ်း |
| 6 | နော်ဆဲခိုး | ပန်ဆယ်လို |
| 7 | ပဒက်သိုက် | PDF စခန်း |
| 8 | NLD Conspiracy | NLD Conspiracy |
| 9 | ထွန်းမရပ်နိုင် | AA ဗိုလ်ချုပ် ထွန်းမြတ်နိုင် |
| 10 | ဂီတာများ | BGFကို ဆိုလိုခြင်းဖြစ်နိုင်ချေများ (ဂီတာကော့ဒ်) |
| 11 | လင်းယုန် | အမေရိကန်နိုင်ငံ |
| 12 | နဂါး | တရုတ်နိုင်ငံ |
| 13 | ခြေသလုံးအိမ်တိုင် အနူကြီး | နေရာအတည်တကျမရှိသော NUGအစိုးရ |
| 14 | ချော်တက်နင်းတဲ့ ကျော်သက်လင်း | MRTV- CDM ဦးကျော်သက်လင်း |
| 15 | ထွန်းမြတ်ရှူး | AA ခေါင်းဆောင် ဗိုလ်ချုပ်ထွန်းမြတ်နိုင် |
| 16 | အိမ်ဖော်မလင် မြေပဲယိုကြွက်သွား | ရုပ်ရှင်သရုပ်ဆောင်မင်းမော်ကွန်း |

| None Risk Level Wording | | |
|---|---|---|
| **No.** | **Encryption** | **Decryption** |
| 1 | ဖင်ခေါင်းကျယ် | PDF နှင့် တော်ရေးအင်အားစုများ |
| 2 | ပလုံဖိုင် | Profile |
| 3 | နွားရူးကြီး | NUG |
| | လနထုတ် | လက်နက်ထုတ် |
| 5 | လခရဂိတ် | လုံခြုံရေးဂိတ် |
| 6 | ရှကီဘဲ | အရက်သမား |
| 7 | မိန်နီ | အလံနီ |
| 8 | မာမီးခေါက်ဆွဲကေနဲ့သတင်းထောက် | မျိုးဆက်လှသော် |

| | | |
|---|---|---|
| 9 | ပူးသတ် | ကိုယ့်လူသူ့ဘက်သား |
| 10 | ရောင်နီပြ | အခြေအနေကောင်းမွန်လာ |
| 11 | ဖားပြုတ် | ကျော်ကျော်မင်း (Truth Media) |
| 12 | ပြူးလွင် | ပြင်ဦးလွင် မြို့ |

| Unidentified Wording | | |
|---|---|---|
| **No.** | **Encryption** | **Presumed Decryption** |
| 1 | Suukyigate | N/A |
| 2 | မျောက်မီးခဲ | မြောက်ပိုင်းသုံးဖွဲ့ |
| 3 | နီနီခင်ဇော် | မျှော်လင့်ချက်မရှိတော့အခြေအနေ |
| 4 | ချိုင်လိုနီ | တရုတ်ကိုလိုနီ |

**Acknowledgement**

Sincere gratitude to the researchers and data collectors from Red Flag as well as to those who provided technological and financial support in the creation of this paper. If you have any inquiries or suggestions concerning this paper, kindly reach out to us at theredflagmedia@proton.me.

# အမုန်းတရား ဖြန့်ချိရေးဓာတ်ပွဲနှင့် နတ်ကရာကျီးမော ဆိုရှယ်မီဒီယာကုမ္ပဏီများ

---

## စစ်ကောင်စီ၏ဝါဒဖြန့်ချိမှု နှင့်
## ဆိုရှယ်မီဒီယာကုမ္ပဏီကြီးများ၏ကိုင်တွယ်နိုင်မှု
## အခြေအနေကိုဆန်းစစ်ခြင်း

Author and publish this research paper by The Red Flag.

The Red Flag Quarterly Report #Q2(May-August 2024) |